The Agribiz News
www.agribiznews.com.mm
ကြေးမုံ စီးပွားသတင်း
e-Paper-0049
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်



# ဧကကွက်ဟက်တာကွက်အလိုက်စက်ဖြင့်တစ်ပြိုင်တည်းဆွတ်ခူးသိမ်းဆည်းရန် ဝါသီးနှံမျိုးနှင့် စိုက်စနစ်နည်းပညာများစမ်းသပ်

နေပြည်တော်၊ ဇန်နဝါရီ ၁၃

လက်ရှိ မြန်မာနိုင်ငံ၏ ဝါစိုက်ပျိုးရေးလုပ်ငန်းတွင် ပင်ခြား ၂ ပေ ခွဲ၊ တန်းကြား ၃ ပေ ဖြင့် စိုက်ပျိုးကြခြင်းဖြစ်ပြီး ဝါဆွတ်ရာတွင်လည်း ရသမျှကို လက်ဖြင့် အကြိမ်ကြိမ်ဆွတ် ကြရခြင်းဖြစ်၍ နောက်တစ်သီး ရာသီချိန်မီ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ရမှုများတွင် တောင်သူများအတွက် လုပ်ငန်းခွင်အခက်အခဲများရှိနေကြကြောင်းသိရသည်။ အခြားတစ်ဘက် တွင်လည်း ပြည်တွင်း ဝတ်ရေးဖူလုံစေရန် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာတွင် အခြားသီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုကို မထိခိုက်စေပဲ ဝါတောင်သူများအတွက်လည်း ဝင်ငွေအကျိုးအမြတ်သေချာစေရန်နှင့် နှစ်အလိုက် အရည်အသွေးကောင်း ချည်မျှင်ရှည်ဝါများ တိုးတက်ထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဧကကွက် ဟက်တာကွက်ကြီးများအဖြစ် တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ စက်ဖြင့် တစ်ချိန်တည်းတစ်ပြိုင်တည်းရိတ်သိမ်းနိုင်ရေး အတွက် ဝါတောင်သူကြီးများအား နည်းပညာနှင့်အကူအညီများ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁၂ ရက်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် နေပြည်တော် ပျဉ်းမနားရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ ကျောင်းဝန်းအတွင်း မျိုးယှဉ်ပြိုင် စမ်းသပ်စိုက်ပျိုးထားသည့် KTK-1၊ ငွေချည်-၁၁၊ RAKA-666၊ ရွှေတောင်-၈၊ B-31 ချည်မျှင်ရှည်ဝါ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် တာဝန်ရှိသူများက စမ်းသပ်စိုက်ပျိုးထားသည့် မျိုးများယှဉ်ပြိုင်စိုက်ပျိုးခြင်းနှင့် ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ၊ အပင်သက်တမ်းအလိုက် အပင်ကြီးထွားမှုရုပ်ပန်းဆေး ၊

စာ-၂ သို့

ပန်းကလာန်း၏ သဘာဝနှင့် အသုံးဝင်ပုံ
စာ-၈

စီးပွားရေး ထိခိုက်စေသည့် ဝက်ဝမ်းလျှောရောဂါ
စာ-၁၆



# မြန်မာ – ပါကစ္စတန် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်

နေပြည်တော်၊ ဇန်နဝါရီ ၁၃

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Tariq Karim အား ဇန်နဝါရီ ၁၃ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ ၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ် နှစ်နိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံထွက်ကုန်များ ကုန်သွယ်မှု မြှင့်တင်နိုင်ရေး၊ ပိုးမွှားဒဏ်နှင့်ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိသော ဂွမ်းမွေး အရှည် အသွေးမြင့် ဝါမျိုးများ ထုတ်လုပ်ရန်အတွက် စပ်မျိုးဝါမျိုးစေ့ထုတ်လုပ်ခြင်း နှင့် ဇီဝနည်းပညာ အသုံးပြု၍ ဝါမျိုးသစ်များထုတ်လုပ်ခြင်း ၊ နို့စားကျွဲမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ၊ အသားထွက်ပစ္စည်း ထုတ်လုပ်မှု နှင့် ဈေးကွက်ချဲ့ထွင်ခြင်း ဆိုင်ရာနည်းပညာများ အပါအဝင် သုတေသန နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**MOALI**

Agribiz News www.agribiznews.com.mm သတင်း

agribiznews.com.mm

**တာဝန်ခံအယ်ဒီတာ**

ထွန်းသက်ပိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**

ကျော်သူနိုင်၊ ကိုရင်အောင်မိုး၊ ထက်ဝေအောင်(စစ်ကိုင်း)

**ထုတ်ဝေသူ**

ဒေါက်တာအောင်ဇံထွေး(မြ-၀၀၄၁၀)

**လိပ်စာ**

ရုံးအမှတ်(၄၃) စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန

နေပြည်တော်

ဖုန်း ၀၆၇ ၃၄၁၀၁၄၂

**မျက်နှာဖုံးမှ-**

သီးပွင့်ဆေးနှင့် ရွက်ချဆေးသုံးစွဲခဲ့မှု၊ ဝါသီးပွင့်မှုနှင့် ဝါဂွမ်းခန့်မှန်းအထွက်နှုန်း တို့ကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အပင်ပြုစု စောင့်ရှောက်ရမှု နှင့် သွင်းအားစုစရိတ်သည် တောင်သူတွက်ခြေကိုက်သည့် အထွက်နှုန်း ရလဒ်များရှိရန် လိုကြောင်း၊ ယခုနည်းပညာအရ သတ်မှတ်ကာလအတွင်း ဝါများအား တစ်ပြိုင်နက်တည်း စွမ်းအားပြည့် ဆွတ်ခူးသိမ်းဆည်း နိုင်မည်ဖြစ်၍ နောက်သီးနှံကို ရာသီချိန်မီ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ရေရှည်တွင် လက်မှု လယ်ယာ မှ စက်မှုလယ်ယာသို့ ပြောင်းလဲအသုံးပြုရာ၌ ဝါသီးနှံ ကို ဧကကွက် ဟက်တာကွက် အလိုက် စက်ဖြင့်တစ်ချိန်တည်း တစ်ပြိုင်တည်းဆွတ်ခူး သိမ်းဆည်းရန် လိုအပ်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နည်းပညာအရ သေချာမှုရှိစေရန် ပညာရှင်များ အပိုင်းက ထပ်မံ စမ်းသပ်ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယခုစမ်းသပ်စိုက်ပျိုးမှုတွင် ပင်ခြား ၆ လက်မ ၊ တန်းကြား ၂ ပေဖြင့် စိုက်ပျိုးထားခြင်းကြောင့် တစ်ဧကဝင်ဆံ့သည့်အပင်ဦးရေ တိုးတက်စိုက်ပျိုးနိုင်ခြင်း၊ အပင်အရပ်ကို ထိန်းချုပ်ကာ အသီးအပွင့်များကို တစ်ပြိုင်တည်း စွမ်းအားပြည့် သီးပွင့်စေခြင်းကြောင့် စက်ကိရိယာဖြင့် ဆွတ်ခူးသိမ်းဆည်းနိုင်မည်ဖြစ်၍ တောင်သူများအနေဖြင့် ဝါစိုက်ပျိုး ထုတ်လုပ်မှုကို ပိုမိုမြှင့်တင် ဆောင်ရွက်နိုင်ကြမည် ဖြစ်ကြောင်း၊ အဆိုပါနည်းပညာအား ပြည်တွင်း ချည်မျှင်ရှည်ဝါမျိုး နှင့် ပြည်ပချည်မျှင်ရှည်ဝါ စပ်မျိုးများအပေါ် သက်ရောက်မှုကို စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ ပညာရှင်များက စမ်းသပ်ဆောင်ရွက် ခြင်း ဖြစ်ကြောင်း သိရသည်။

**ကိုရင်အောင်မိုး**

# ၂၀၂၆ ခုနှစ် ဇန်နဝါရီ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါသည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

## ညအပူချိန်

ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ဇန်နဝါရီလပျမ်းမျှ အပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

## မြူအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် ၆ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ရက်မှ ၅ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေ၀က်မှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေ၀က်မှ ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေ၀က်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ လက်မခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေ၀က်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ လက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေ၀က်မှ ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေ၀က်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေ၀က်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ ငဝန်မြစ် ရေသည် သာပေါင်းမြို့တွင် ပေ၀က်ခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့် လက်ရှိရေမှတ် များအထက် မြင့်တက်လာနိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

# ပေါင်းဆန်စားသုံးမှု မြှင့်တင်ရန် အိမ်အရောက်ပို့ ဝန်ဆောင်မှု စတင်

**မြန်**မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) သည် ပြည်တွင်းစားသုံးမှု မြှင့်တင်ရန်အတွက် ပေါင်းဆန်ကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုကို စတင်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ ပေါင်းဆန်ကို ရုရှားနှင့် ဥရောပဈေးကွက်သို့ အဓိကတင်ပို့လျက်ရှိသည်။ MRF သည် အိမ်တိုင်ရာရောက် ပို့ဆောင်ခြင်း သို့မဟုတ် လက်လီအရောင်းဆိုင်များတွင် ရောင်းချခြင်းဖြင့် ပြည်တွင်း၌ ပေါင်းဆန်စားသုံးမှု တိုးတက်လာစေရန် ကြိုးပမ်းသွားမည်ဟု MRF ၏ အမှုဆောင် ကော်မတီဝင် ဦးသောင်းဝင်းက ပြောကြားသည်။

ပေါင်းဆန်၊ ဆန်လုံးညိုနှင့် အာဟာရအားဖြည့်ဆန် တို့သည် ပုံမှန်ဆန်နှင့် နှိုင်းယှဉ်ပါက ကျန်းမာရေး နှင့် ညီညွတ်ပြီး အာဟာရဓာတ်ကြွယ်ဝသော်လည်း ပြည်တွင်း၌ ဝယ်လိုအား နည်းပါးပါသည်။ အဖွဲ့ချုပ် သည် ပြည်တွင်းစားသုံးမှုမြှင့်တင်ရန်နှင့် နိုင်ငံခြားမှီခိုမှုကို လျှော့ချရန် ကြိုးစား သွားမည်ဖြစ်သည်။



ပေါင်းဆန်ဆိုသည်မှာ စပါးစေ့အတိုင်း ရေစိမ်ခြင်း၊ ရေနွေးငွေ့ဖြင့် ပေါင်းခြင်းနှင့် အခြောက်ခံခြင်း စသည်တို့ဖြင့် ပြုပြင်ထုတ်လုပ်ထားသော ဆန်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်း ကြောင့် ကြိတ်ခွဲရာ တွင် ကျိုးပဲ့မှုနည်းပါးပြီး ဆန်သား အထွက်နှုန်း မြင့်မားပါသည်။ ပေါင်းဆန်သည် ဆန်၏ ရုပ်ပိုင်း ဆိုင်ရာနှင့် ဓာတုဗေဒဆိုင်ရာ ဂုဏ်သတ္တိများကို ပြောင်းလဲစေပြီး ဗီတာမင်နှင့် သတ္တုဓာတ်များကို ထိန်းသိမ်းပေးထားပါသည်။ ၎င်းအပြင် ထမင်းချက်ပြီးနောက် ပုပ်သိုးခြင်းမှ ကာကွယ်နိုင်ပြီး အချိန်ကြာမြင့်စွာ ထားနိုင်ကြောင်း သိရသည်။

**ဟေမာန်အောင်မင်း**

https://www.gnlm.com.mm/mrf-rolls-out-door-to-door-service-to-boost-parboiled-rice-consumption/

# ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းနွေစပါးနှင့်နွေသီးနှံများ စိုက်ပျိုးရေပေးဝေမှုအခြေအနေကြည့်ရှုစစ်ဆေး

နေပြည်တော် ၊ ဇန်နဝါရီ ၁၂

**စိုက်**ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၉ ရက်နေ့ ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သုံးဆယ်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရိပ်သာ၌ ဝန်ကြီးဌာနအောက်ရှိ တိုင်းအဆင့်၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းရှိ လယ်ယာကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆည်တာတမံနှင့် ရေတင်လုပ်ငန်းများကြံ့ခိုင်ရေး၊ ဆည်ရေသောက်စနစ်များမှ နွေစပါးနှင့် နွေအခြား သီးနှံများ စိုက်ပျိုးရေ တိုးတက်ပေးဝေနိုင်ရေး ဆွေးနွေး မှာကြားခဲ့သည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန သက်ဆိုင်ရာ တာဝန်ရှိသူများမှ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတွင် ပြည်ခရိုင်၊ နတ်တလင်းခရိုင်နှင့် သာယာဝတီခရိုင် တို့အောက်တွင် ရေလှောင်တမံ ၁၈ ခုနှင့် ရေတင်လုပ်ငန်း ၁၀ ခု ရှိပြီး ရေလှောင်တမံများ၏ ရေသိုလှောင်ထားရှိမှုအခြေအနေ၊ ရေသောက်စနစ်နှင့် ရေတင်လုပ်ငန်းများမှ နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေ ပေးဝေနေမှု အခြေအနေ၊ ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နွေစပါးနှင့် နွေအခြားသီးနှံ လျာထားစိုက်ဧကများ အပြည့်အဝစိုက်ပျိုးရေ ပေးဝေနိုင်ရေး အလေးထားဆောင်ရွက်ကြရန်၊ တာတမံနှင့် ရေတင်လုပ်ငန်းများ ပြုပြင်ထိန်းသိမ်းခြင်းအတွက် စနစ်တကျ စီမံဆောင်ရွက်ကြရန်၊ သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရေးနှင့် စိုက်ဧကများ ပိုမိုတိုးတက် ရေပေးဝေနိုင်ရေးအတွက် ရေရရှိရေး နည်းလမ်းပေါင်းစုံဖြင့် ကြံဆ ဆောင်ရွက်ကြရန်၊ လယ်ယာသုံးစက်ကိရိယာများ ပိုမိုတွင်ကျယ်စွာ သုံးစွဲနိုင်ရေးနှင့် စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်စေရေး သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများနှင့်ပူးပေါင်း ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း အနေဖြင့် နွေစပါး ၂၀၃၅၁၉ ဧကနှင့် နွေအခြားသီးနှံ ၂၇၈၇၈ ဧက၊ စုစုပေါင်း ၂၃၁၃၉၇ ဧကအား စိုက်ပျိုးရေပေးဝေရန် လျာထားဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ဆက်လက်၍ သုံးဆယ်ရေလှောင်တမံ ဆည်ရေသောက်စနစ်အတွင်း နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေပေးဝေမှုအခြေအနေ ကြည့်ရှုစစ်ဆေးစဉ် စိုက်ဧကများ တိုးတက်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေး၊ ခေတ်မီနည်းပညာများ ပြောင်းလဲအသုံးပြုနိုင်ရေး နှင့် သုံးဆယ်ဆည်ရေ သောက်စနစ်မှ နွေစပါးနှင့် နွေအခြားသီးနှံ စိုက်ပျိုးရေပေးဝေမှု အခြေအနေများနှင့် သာယာဝတီမြို့နယ်၊ ကျွဲသက်ကျေးရွာအုပ်စု သုံးဆယ်ဆည်ရေသောက်စနစ်အတွင်း နွေစပါးမျိုးထုတ်စိုက်ခင်း ရေဆင်း ပေါ်ဆန်း (၁) နှင့် (၂) ပျိုးထောင်ထားရှိမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။ ရေဆင်းပေါ်ဆန်း (၁) နှင့် (၂) စပါးမျိုးများသည် ရာသီမရွေး စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထုတ်လုပ်ထားသော မျိုးများဖြစ်ပြီး သာယာဝတီ မြို့နယ်အတွင်း ယခုနွေစပါးရာသီတွင် မျိုးသန့်ပွား မျိုးစေ့ထုတ်စိုက်ခင်း ၁၀၀ ဧက စိုက်ပျိုး ထုတ်လုပ်ပြီး ဒေသတွင်းတောင်သူများသို့ ဖြန့်ဖြူးကာ ၂၀၂၆ - ၂၀၂၇ ခုနှစ် မိုးစပါးရာသီတွင် စိုက်ဧရိယာ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။



သုံးဆယ် ဆည်ရေသောက် စနစ်အနေဖြင့် နွေစပါးဧက ၄၂၀၀၀ ကျော်အား စိုက်ပျိုးရေ ပေးဝေရန် လျာထားဆောင်ရွက်လျက်ရှိပြီး နွေစပါး ဆည်ရေသွင်းပြီး ဧက ၂၄၀၀၀ ကျော်ရှိပြီ ဖြစ်ကြောင်း သတင်း ရရှိသည်။

MOALI

# မှိုစိုက်ပျိုးရေးအတွက် အလိုအလျောက် ရေဖျန်းစနစ် MFVP စတင်

**မြန်**မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် ထုတ်လုပ်သူနှင့် တင်ပို့သူများ အသင်း (MFVP) သည် မှိုစိုက်ပျိုးရေးအတွက် အလိုအလျောက် ရေဖျန်းစနစ်ဖြင့် စမ်းသပ်ပြုလုပ်မည့် စီမံကိန်းတစ်ခုအား အကောင်အထည်ဖော်သွားမည် ဖြစ်သည်။



အဆိုပါ အလိုအလျောက် ရေဖျန်းစနစ်သည် မှိုစိုက်ပျိုးရေးအတွက် အရေးပါသော အစိုဓာတ် ကို တသမတ်တည်း ထိန်းသိမ်းပေးခြင်းဖြင့် အကောင်းဆုံးကြီးထွားမှု အခြေအနေများ ကို သေချာစေခြင်း၊ ရေဓာတ်ခမ်းခြောက်မှုကြောင့် ဆုံးရှုံးမှုကိုကာကွယ်ပေးခြင်း၊ အချိန်နှင့် စွမ်းအင်ကို ချွေတာပေး ခြင်းနှင့် ပိုမိုကောင်းမွန်သော အထွက်နှုန်းရရှိစေပြီး လုပ်အား ကုန်ကျ မှုကို လျှော့ချပေးနိုင်သည်။ ဤစနစ်နှင့် အထူးသင့်လျော်သည့် အဓိကမှိုမျိုးစိတ်များမှာ အစိုဓာတ် မြင့်မားစွာ လိုအပ်သော (Oyster mushroom)၊ (Straw mushroom) နှင့် (Golden Oyster mushroom) တို့ ဖြစ်သည်။

ဤစနစ်သည် အစိုဓာတ် တိုင်းတာသောကိရိယာ (humidistats) များနှင့် အလင်း အာရုံခံကိရိယာ (light sensors) များ တပ်ဆင်ထားပြီး၊ သတ်မှတ်အစိုဓာတ်အဆင့်ကို ထိန်းသိမ်းပေးသည်။ ၎င်းသည် စိုက်ပျိုးသူများအား ၎င်းတို့၏ စိုက်ခင်းကို အာရုံခံ ကိရိယာများမှ တစ်ဆင့် စောင့်ကြည့်ခြင်း၊ အဝေးမှထိန်းချုပ်ခြင်း များ ပြုလုပ်နိုင်စေကာ အလင်း၊ အပူချိန်နှင့် အစိုဓာတ် အဆင့်များ အပေါ် မူတည်၍ ချိန်ညှိခြင်းများ

စာ-၅ သို့



# ဗီယက်နမ်ရေထွက်ကုန်တင်ပို့သူများ ကန့်သတ်ချက်အသစ်များနှင့် ရင်ဆိုင်ရမည်

**ယူ**ကေနှင့် ဥရောပသမဂ္ဂ (EU) ဈေးကွက်များသို့ တင်ပို့နေသည့် ဗီယက်နမ်ရေထွက်ကုန်လုပ်ငန်းရှင်များသည် ၂၀၂၆ ခုနှစ်မှစတင်ကာ တိရစ္ဆာန်ဖူလုံရေး (Animal Welfare) ဆိုင်ရာ သတ်မှတ်ချက်အသစ်များကို လိုက်နာရန်အတွက် ပုစွန်ဖမ်းဆီးခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများကို မြှင့်တင်ရန် လိုအပ်လာပြီဖြစ်သည်။ ၎င်းသည် ရေထွက်ကုန်ကဏ္ဍအတွက် စည်းမျဉ်းစည်းကမ်း လိုက်နာဆောင်ရွက်မှုဆိုင်ရာ ဖိအားများကို ပိုမိုဖြစ်ပေါ်စေလျက်ရှိသည်။

ဥရောပရှိ အဓိက လက်လီအရောင်းဆိုင်ကြီးများသည် ပုစွန်များကို ရေခဲရေထဲသို့ မထည့်မီ လျှပ်စစ်ဖြင့် ထုံစေခြင်း (Electrically Stunned) နည်းလမ်းကို အသုံးပြုရန် စံသတ်မှတ်ချက်များ ချမှတ်လိုက်ပြီဖြစ်သည်။ ထို့ကြောင့် ဗီယက်နမ်တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသည့် အစဉ်အလာ ရေခဲရေဖြင့် အေးခဲစေသည့် နည်းလမ်းကို အသုံးမပြုရန် တားမြစ်သွားမည်ဖြစ်သည်။ ယူကေအခြေစိုက် Tesco လက်လီလုပ်ငန်းသည် ၂၀၂၆ ခုနှစ်တွင် ၎င်းတို့၏ ပုစွန်ဖြန့်ဖြူးရေး ကွင်းဆက်တစ်ခုလုံး၌ အဆိုပါစံနှုန်းကို အပြည့်အဝလိုက်နာရန် ကတိကဝတ်ပြုထားပြီး၊ Marks & Spencer ကလည်း လိုက်နာမှုမရှိသော ပေးသွင်းသူများကို ကုန်ပစ္စည်းစာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း သတိပေးထားသည်။

အခြားသော ယူကေလက်လီလုပ်ငန်းများဖြစ်သည့် Sainsbury's နှင့် Waitrose တို့သည်လည်း ပုစွန်ဖူလုံရေးစီမံကိန်း (Shrimp Welfare Project) မှ တိုက်တွန်းထားသည့် လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်သည်။

ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်များသည် လက်ရှိတွင် တရားမဝင်ငါးဖမ်းဆီးမှု ထိန်းချုပ်ရေး (IUU)၊ ရေရှည်တည်တံ့ခိုင်မြဲမှု ရည်မှန်းချက်များနှင့် အမြတ်အစွန်းနည်းပါးမှု စသည့်အခက်အခဲများကို ရင်ဆိုင်နေရစဉ် ယခုကဲ့သို့ သတ်မှတ်ချက်အသစ်များ ထပ်မံပေါ်ပေါက်လာခြင်းဖြစ်သည်။

TTP

www.asian-agribiz.com

# အာဖရိကဝက်အဖျားရောဂါ ဖြစ်ပွားမှုကြောင့် အင်ဒိုနီးရှားက စပိန်ဝက်သားတင်သွင်းမှု ပိတ်ပင်

**စ**ပိန်နိုင်ငံ၊ ဘာစီလိုနာပြည်နယ်တွင် အာဖရိကဝက်အဖျားရောဂါ (ASF) ပြန်လည်ဖြစ်ပွားနေခြင်းကြောင့် စပိန်နိုင်ငံမှ ဝက်သားနှင့် ဝက်ထွက်ပစ္စည်းများ တင်သွင်းမှုကို အင်ဒိုနီးရှားနိုင်ငံက တရားဝင်ပိတ်ပင်လိုက်သည်။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH) ၏ ဒီဇင်ဘာ ၁၉ ရက်နေ့အထိ ထုတ်ပြန်ချက်အရ ရောဂါကူးစက်မှုများ ဆက်လက်ဖြစ်ပွားနေကြောင်း အတည်ပြုပြီးနောက် အင်ဒိုနီးရှား ကွာရတ်တင်းအေဂျင်စီ (Barantin) က ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံအတွင်းသို့ ဝင်ရောက်ရာ ဂိတ်များရှိ ကွာရတ်တင်းအရာရှိများအနေဖြင့် စပိန်နိုင်ငံမှ ဝက်သားတင်ပို့မှုများကို တင်းကြပ်စွာ စောင့်ကြည့်ရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း Barantin ၏ တိရစ္ဆာန်ကွာရတ်တင်းဌာန ဒုတိယအကြီးအကဲ Sriyanto က ပြောကြားခဲ့သည်။ စပိန်နိုင်ငံသည် အဆိုပါရောဂါမှ ကင်းစင်ကြောင်း WOAH က ကြေညာသည့်တိုင်အောင် ဤပိတ်ပင်မှုမှာ ဆက်ရှိနေမည်ဖြစ်ကြောင်း ၎င်းက အလေးပေး ပြောကြားခဲ့သည်။

တရားမဝင် တင်သွင်းလာမှုမှန်သမျှကို ငြင်းပယ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းများ ပြုလုပ်သွားမည်ဟု အာဏာပိုင်များက သတိပေးထားသည်။ အာဖရိကဝက်အဖျားရောဂါသည် လူကို ဘေးဥပဒ်မပေးသော်လည်း ဝက်များအကြား ကူးစက်မှုနှုန်း အလွန်မြင့်မားပြီး သေဆုံးမှုနှုန်းမှာ ၁၀၀ ရာခိုင်နှုန်းအထိ ရှိနိုင်သဖြင့် မွေးမြူရေးကဏ္ဍအတွက် ကြီးမားသော စီးပွားရေးဆုံးရှုံးမှုအန္တရာယ်ကို ဖြစ်စေနိုင်သည်။

TTP

www.asian-agribiz.com



စာ-၄ မှ

ပြုလုပ်နိုင်စေသည်။ စမ်းသပ် စီမံကိန်းကို စတင်အကောင်အထည်ဖော်လျက်ရှိပြီး MFVP နှင့် သတင်းအချက်အလက်နည်းပညာ ကျွမ်းကျင်သူများက ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးပြီးဖြစ်ကြောင်း အသင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဤလုပ်ငန်းစဉ်ကို စိုက်ပျိုးရေးအကြွင်းအကျန်စွန့်ပစ် ပစ္စည်းများအသုံးပြု၍ အလိုအလျောက် လည်ပတ်စေနိုင်သည်။ ဤစနစ်သည် ကြိုတင်ခန့်မှန်းရခက်သော ရာသီဥတု အခြေအနေမျိုးစုံ နှင့် ပြင်းထန်သော ရာသီဥတုဒဏ်များကို ရင်ဆိုင်နိုင်ရန် အထူးပုံစံဖြင့် ထုတ်ထား သည်။ ၎င်းသည် နည်းပညာကို အခြေခံသော ရာသီဥတုနှင့် လိုက် လျော ညီထွေ ဖြစ်သည့် စိုက်ပျိုးရေး (Climate-SmartAgriculture) ၏အဓိက အစိတ်အပိုင်းတစ်ခု လည်းဖြစ်ပြီး၊ တစ်နှစ်ပတ်လုံး စားသုံးသူများအား ပိုမိုကောင်းမွန်သော အထွက်နှုန်းနှင့် အရည်အသွေး ပြည့်ဝသည့် မှိုများရရှိစေရန် သေချာစေမည် ဖြစ်သည်။

MFVP အသင်းသည် ဤစမ်းသပ်စီမံကိန်းမှ ရရှိလာမည့် နည်းပညာအတွေ့အကြုံများကို အခြေခံ၍ ရေရှည် တည် တံ့မှု မြှင့် တင် ခြင်း၊ စိုက်ပျိုးရေးထုတ်လုပ်မှုနှင့် ဝင်ငွေ တိုးတက်စေခြင်း စသည့် ရည်ရွယ်ချက်များဖြင့် အခြားသီးနှံများ အတွက် ရာသီဥတုနှင့် လိုက်လျော ညီထွေဖြစ်သည့် စိုက်ပျိုးရေးစနစ်ကို ဆက်လက် အကောင် အထည်ဖော်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ဖုန်းမြတ်ဝင်းမောင်မောင်

https://www.gnlm.com.mm/mfvp-to-initiate-automatic-misting-system-for-mushroom-farming/

စာ-၁၁ မှ

တင်ပြင်ဆင်ထားဖို့ လိုအပ် ကြောင်း ပြသလျက်ရှိပါသည်။

အိန္ဒိယအစိုးရက ၎င်း၏ FTAs များကို ပြန်လည်သုံးသပ်ရန် စီစဉ်နေခြင်းကြောင့် အာဆီယံ-အိန္ဒိယ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက် (AIFTA) တွင်လည်း အပြောင်းအလဲများ ရှိလာနိုင်ကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ ပြန်လည်သုံးသပ်မှုများအတွင်း မိမိတို့၏ ပို့ကုန်ကဏ္ဍအတွက် ပိုမိုအကျိုးရှိစေမည့် အချက်များကို စောင့်ကြည့်ဖော်ဆောင်သွားသင့် ကြောင်း သုံးသပ်ရပါသည်။

အိန္ဒိယကုမ္ပဏီများသည် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များ (Global Value Chains) တွင် ပိုမိုပေါင်းစည်းရန် ကြိုးပမ်းလာသည်နှင့်အမျှ၊ အိမ်နီးချင်းနိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် လည်း အိန္ဒိယ၏ ထုတ်လုပ်မှုကွင်းဆက်တွင် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နိုင်မည့် အလားအလာများကို ရှာဖွေ ဖော် ထု တ် သ င့် ပါ ကြော င်း အကြံပြုလိုက်ရပါသည်။

ကောင်းထွဋ်အောင်

Economic Times, Exports likely to grow by 3% to $850 billion this fiscal: GTRI, December 25, 2025.

# ဗီယက်နမ်၏ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့် ရရှိ

ဗီယက်နမ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုသည် ၂၀၂၅ ခုနှစ်တွင် ဆက်လက် တိုးတက်ခဲ့ရာ VINAFRUIT (ဗီယက်နမ်သစ်သီးဝလံ အသင်းချုပ်) ၏ ခန့်မှန်း ချက်အရ စုစုပေါင်း တင်ပို့ငွေမှာ အမေရိကန်ဒေါ်လာ ၈ ဘီလီယံမှ ၈ ဒသမ ၄ ဘီလီယံ အထိ ရှိမည်ဟုဆိုသည်။ ဤပမာဏသည် ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ခန့်မှန်းခြေ ၁၈ ရာခိုင်နှုန်း ခန့် တိုးတက်မှုကိုကိုယ်စားပြုပါသည်။ လက်ရှိ အခြေအနေများအတိုင်းဆက်လက်ရှိနေပြီး အခြေခံပြဿနာများကိုဖြေရှင်းနိုင်ပါက ဤလုပ်ငန်း ကဏ္ဍ၏ တင်ပို့မှုတန်ဖိုးသည် ၂၀၂၆ ခုနှစ် အစောပိုင်းကပင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ ရောက်ရှိနိုင်သည်ဟုဆိုသည်။ တင်ပို့မှု တိုးတက်လာခြင်းသည် တရုတ်၊ အမေရိကန်၊ တောင်ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နှင့် EU အပါအဝင် အဓိကဈေးကွက်များတွင် ဝယ်လိုအား ပြန်လည်ကောင်းမွန်လာခြင်း နှင့် ဗီယက်နမ် သစ်သီးမျိုးစုံကို တရားဝင်ဈေးကွက်ဝင်ရောက်ခွင့် ပိုမိုရရှိလာခြင်းတို့ကြောင့် ဖြစ်ပါသည်။ VINAFRUIT ၏ ဥက္ကဋ္ဌ မစ္စတာ Nguyen Thanh Binh က ယခုကဲ့သို့ တိုးတက်လာမှုသည် ရေတိုရာသီအလိုက် ထိပ်တန်းရောက်မှုထက် အရည်အသွေး၊ မူလဇစ်မြစ် လိုက်နိုင်မှု၊ ဈေးကွက်စံချိန် စံညွှန်းများနှင့် ကိုက်ညီမှုစသည့် အချက်များ တိုးတက်လာခြင်းနှင့် ပိုမိုဆက်စပ်လာကြောင်း ပြော ကြားသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်၏ အကြီးဆုံး ပို့ကုန်ဈေးကွက် အဖြစ် ဆက်လက် တည်ရှိ နေသော်လည်း ထိလွယ်ရှလွယ် ဈေးကွက်လည်း ဖြစ်သည်။ ထုတ်လုပ်မှုစနစ် အားနည်းခြင်း၊ လယ်ယာ စိုက်ပျိုးမှု လုပ်ငန်းများ ကွဲပြားနေပြီး မစည်းလုံးခြင်း၊ ကုန်ကြမ်းဇုန်များ၊ ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရေးကြားချိတ်ဆက်မှု အကန့်အသတ်ရှိခြင်း တို့ကြောင့် ဈေးကွက် အခြေအနေ သို့မဟုတ် တင်သွင်းမှု စည်းမျဉ်းများ ပြောင်းလဲသောအခါ ဤစိုက်ပျိုးထုတ်လုပ်ရေး ကဏ္ဍသည် အန္တရာယ်များနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။



မဲခေါင် မြစ်ဝကျွန်းပေါ်ဒေသရှိ Vinh Long ခရိုင်တွင် ဗဟိုပြု ထုတ်လုပ်လျက်ရှိသော အုန်းသီး ကဏ္ဍသည် တင်ပို့မှုအတွက် ပိုမို အားကောင်းသည့် ပံ့ပိုးမှုအဖြစ် ရပ်တည်လာနေပါ သည်။ ၂၀၂၅ ခုနှစ် အတွက် ထိုခရိုင်မှ အုန်းသီးတင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် မည်ဟု ခန့်မှန်းထားသည်။ Vinh Long ခရိုင်တွင် ဟက်တာ ၁၂၀,၀၀၀ ခန့် အုန်းပင် စိုက်ပျိုးထားပြီး၊ ယင်းသည် ဗီယက်နမ်တစ်နိုင်ငံလုံး၏ စုစုပေါင်း စိုက်ဧရိယာ၏ ၆၅ ရာခိုင်နှုန်းခန့်ရှိသည်။ ဗီယက်နမ် သည် ကမ္ဘာ့အုန်းသီးစိုက်ဧရိယာ၏ ၂ ရာခိုင်နှုန်းခန့်သာ ကိုယ်စားပြုသော်လည်း၊ နက်ရှိုင်းသော ပြုပြင်ထုတ်လုပ်မှုကြောင့် တန်ဖိုးမြင့် ထွက်ကုန်များသည် ကမ္ဘာ့ပျမ်းမျှထက် သိသိသာသာ ပိုမို မြင့်မားနေပါသည်။ ၂၀၂၄ ခုနှစ်တွင် နိုင်ငံတစ်ဝန်း အုန်းသီးတင်ပို့မှုဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ ဘီလီယံရှိခဲ့ပြီး ပြုပြင်ထုတ်လုပ် နိုင်စွမ်းချဲ့ထွင်နိုင်ပါက အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ အထိရောက်ရှိနိုင်သည်ဟု စက်မှုလုပ်ငန်း ခန့်မှန်းချက်များက ဖော်ပြထားပါသည်။

ဟင်းသီးဟင်းရွက် စုစုပေါင်း တင်ပို့ ရငွေမှာ အမေရိကန်ဒေါ်လာ သန်း ၃၈၀ ဒသမ ၉ ခန့်သို့ တိုးတက်ခဲ့ပြီး ယခင်နှစ်ထက် ၁၃ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ငရုတ်သီးသည် ထုတ်လုပ်မှုပမာဏနှင့် တန်ဖိုးနှစ်ရပ်စလုံးတွင် ဦးဆောင်နေပြီး အဓိက ဈေးကွက်များမှာ တရုတ်၊ လာအိုနှင့် တောင်ကိုရီးယားသမ္မတနိုင်ငံ တို့ဖြစ်သည်။ "ငရုတ်သီး သည် ဟင်းသီးဟင်းရွက်အုပ်စုတွင် အလွန်ရေပန်းစားသော ဟင်းခတ် အမွှေးအကြိုင် ဖြစ်ပြီး ကုန်သွယ်မှု တန်ဖိုးလည်း မြင့်မားပါသည်" ဟု ဗီယက်နမ် သစ်သီးနှင့် ဟင်းသီးဟင်းရွက် အသင်းချုပ်၏ အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen က ပြောကြားသည်။ ငရုတ်သီးဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ မှ ၂ ဒသမ ၆ အထိရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်ကုန်ပိုင်းတွင် ပို့ကုန်ဝယ်လိုအား တိုးလာမှုကြောင့် တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ မှ ၆ အထိ တက်ခဲ့သည်။ အခြားဟင်းသီးဟင်းရွက် များမှာမူ ဂျင်းနှင့် ခရမ်းချဉ်သီးတို့တွင် တိုးတက်မှုရှိခဲ့သော်လည်း၊ ပန်းဂေါ်ဖီစိမ်း တင်ပို့မှုမှာမူ ကျဆင်းခဲ့ကြောင်း မှတ်တမ်းများအရ သိရှိ ရသည်။

ဥမ္မာထွန်း

https://www.freshplaza.com/asia/article/9798067/vietnam-fruit-and-vegetable-exports-near-us-10-billion/

# အိန္ဒိယ၊ ပါကစ္စတန်နှင့်အခြားအာရှနိုင်ငံများမှ ဆန်တင်သွင်းမှုကန့်သတ်ရန် ဥရောပသမဂ္ဂ ပြင်ဆင်နေ

ဥရောပသမဂ္ဂ (EU) သည် ၎င်း၏ ပြည်တွင်းစိုက်ပျိုးသူများနှင့် ဆန်စက်လုပ်ငန်းရှင်များကို ကာကွယ်ရန်အတွက် အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် အခြားအာရှနိုင်ငံများမှ ဆန်တင်သွင်းမှုကို ကန့်သတ်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံနှင့် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက် (FTA) အတွက် ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေသော်လည်း ဥရောပသမဂ္ဂကောင်စီနှင့် ပါလီမန်တို့သည် "သီးခြား အလိုအလျောက် အကာအကွယ်ပေးရေး ယန္တရား" (Specific automatic safeguard mechanism") ကို မိတ်ဆက်ရန် ယာယီသဘောတူညီချက် ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်မည့် အဆိုပါ အစီအမံအရ သက်ဆိုင်ရာနိုင်ငံများမှ ဥရောပသမဂ္ဂနိုင်ငံများသို့ တင်သွင်းလာသော သွင်းကုန်ပမာဏသည် ယခင် က တင်ပို့ထားသည့် ပျမ်းမျှပမာဏထက် ကျော်လွန်ပါက အကောက်ခွန်စည်းကြပ်မှုများကို စတင် ဆောင်ရွက်မည်ဖြစ်ပြီး၊ ဥရောပဈေးကွက်ကို တင်သွင်းမှုများ ရုတ်တရက်မြင့်တက်လာသည့် အန္တရာယ်မှ ကာကွယ်ပေးမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ မူဝါဒအသစ်သည် Basmati နှင့် Non-Basmati ဆန်အမျိုးအစား နှစ်မျိုးလုံးကို အထူးရည်ရွယ်ထားကြောင်း တွေ့ရှိရသည်။ ဥရောပသမဂ္ဂ၏ စာရွက်စာတမ်းများအရ တတိယနိုင်ငံများ အဓိကအားဖြင့် အိန္ဒိယ၊ ပါကစ္စတန်၊ မြန်မာနှင့် ကမ္ဘောဒီးယားတို့မှ တင်သွင်းမှုစုစုပေါင်းသည် တန်ချိန် ၁ ဒသမ ၅ သန်းအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်းနှင့် EBA ("လက်နက်မှလွဲ၍ အား လုံး"တင်ပို့နိုင်သည့်)နိုင်ငံများ—အဓိကအားဖြင့် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ဆန်တင် သွင်းမှုသည်ပင် တန်ချိန် ၁၀ သိန်း (၁ သန်း) ခန့်ရှိသည်ဟု ခန့်မှန်းထားသည်။ အဆိုပါ EBA နိုင်ငံများသည် ဆန်အမျိုးအစားအားလုံးနှင့် ထုတ်လုပ်မှုအဆင့်အားလုံးအတွက် ဦးစားပေး သုညရာခိုင်နှုန်း အကောက်ခွန်ကို ခံစားခွင့်ရရှိနေကြသည်ဟု ဖော်ပြထားသည်။

ဥရောပအရာရှိများအနေဖြင့် ဈေးကွက် ပုံသဏ္ဌာန်ပျက်ယွင်းမှုများအပြင် လူ့အခွင့်အရေးချိုး ဖောက်မှုများနှင့် အဆိုပါ ဒေသများမှ တင်သွင်းသော ကုန်စည်များတွင် Tricyclazole ကဲ့သို့သော ဓာတုဗေဒပစ္စည်းများ အလွန်အကျွံပါဝင်မှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ကိုးကား၍ ၎င်းတို့၏ ကုန်သွယ်မှုကာကွယ်ရေးဆိုင်ရာ ရပ်တည်ချက်ကို တရားမျှတသည်ဟု ပြောကြားခဲ့သည်။

သို့သော် အဆိုပါ လုပ်ဆောင်ချက်သည် ဥရောပဈေးကွက်ကို လွတ်လပ်သောကုန်သွယ်မှု ပတ်ဝန်းကျင်မှ လူနည်းစုက ဈေးကွက်ကို ထိန်းချုပ်ထားသော ဈေးကွက်ပုံစံ (Oligopolistic one) သို့ ပြောင်းလဲ

စာ-၇ သို့

# နှစ်ပေါင်း ၇၀ ကျော်အတွင်း ဂျပန်နိုင်ငံ၏ လက်ဖက်ခြောက် တင်ပို့မှု အမြင့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့

ဂျပန်ယန်းငွေတန်ဖိုး ကျဆင်းလျက်ရှိခြင်းနှင့် ပြည်ပနိုင်ငံများမှ ဂျပန်လက်ဖက်စိမ်းအမှုန့် (Matcha Powder) ဝယ်လိုအား မြင့်တက်ခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံ၏ လက်ဖက်ခြောက်တင်ပို့မှုမှာ ၂၀၂၅ ဘဏ္ဍာနှစ်၊ ပထမ ၁၀ လတာကာလအတွင်း အမြင့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့ပြီး၊ နှစ်ပေါင်း ၇၀ ကျော်အတွင်း အမြင့်ဆုံးဖြစ်ခဲ့ကြောင်း ၁၄-၁၂-၂၀၂၅ ရက်နေ့ထုတ် The Mainichi သတင်းစာတွင် "Japan's green tea exports reach highest level in over 70 years" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါ သတင်းတွင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီမှ အောက်တိုဘာအတွင်း လက်ဖက်ခြောက် တင်ပို့မှုမှာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ၁၀,၀၈၄ တန် ရှိခဲ့ကြောင်း၊ ဂျပန်နိုင်ငံမှ အမေရိကန်နိုင်ငံ၊ တရုတ် (တိုင်ပေ)၊ ထိုင်းနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့သို့ လက်ဖက်ခြောက် အများဆုံး တင်ပို့လျက်ရှိပြီး၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီမှ အောက်တိုဘာလအထိ အမေရိကန် နိုင်ငံသို့ ၃,၄၉၇ တန် တင်ပို့ခဲ့ကြောင်း ဖော်ပြထားသည်။

ကျန်းမာရေးကို အလေးထားသည့် ပြည်ပနိုင်ငံများရှိ စားသုံးသူများ အနေဖြင့် ဂျပန်စားသောက်ကုန်များကို ကြိုက်နှစ်သက်မှု များပြားလာခြင်းကြောင့် ဂျပန်နိုင်ငံမှ လက်ဖက်ခြောက် တင်ပို့မှုမှာ ၉ နှစ်ဆက်တိုက် မြင့်တက်ခဲ့ကြောင်း၊ ပြည်ပနိုင်ငံများမှ ဝယ်လိုအားမြင့်တက်လျက် ရှိသော်လည်း တရုတ်လက်ဖက်ခြောက်ကို လူကြိုက်များမှု မြင့်တက်လျက်ရှိခြင်းကြောင့် ဂျပန်နိုင်ငံမှ နှစ်စဉ်လက်ဖက်ခြောက်တင်ပို့မှုမှာ တန် ၁၀,၀၀၀ အောက်သာရှိကြောင်းနှင့် ၁၉၅၄ ခုနှစ်တွင် ၁၁,၅၅၃ တန်ရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

ဂျပန်ပြည်တွင်း၌ လက်ဖက်ခြောက် ဝယ်လိုအားမှာ ကျဆင်းလျက် ရှိသည့်အတွက် ပြည်တွင်း၌ လက်ဖက် ထုတ်လုပ်မှုကျဆင်းလျက် ရှိသော်လည်း လက်ဖက်ရွက်ဈေးနှုန်းမှာ မြင့်တက်လျက်ရှိကြောင်း၊ လက်ဖက်စိုက်တောင်သူများမှာ သက်ကြီးရွယ်အိုများ များပြားလာခြင်းနှင့် လက်ဖက်ဝယ် လိုအား ကျဆင်းခဲ့ခြင်းကြောင့် ၂၀၂၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ လက်ဖက်ရွက်တန်ချိန် ၇၄,၀၀၀ ထုတ် လုပ်ခဲ့ကြောင်းနှင့်



လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကာလ နီးပါးနှင့် နှိုင်းယှဉ်ပါက လက်ဖက် ထုတ်လုပ်မှုမှာ ၁၀ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံတွင် လက်ဖက်ခြောက် အဓိက ထုတ်လုပ်သူဖြစ်သည့် ကာဂိုရှီးမားပြည်နယ်၊ အနောက်တောင်ဘက်ရှိ စိုက်ပျိုးရေးသမဝါယမ အသင်း၏ ထုတ်ပြန်ချက်အရ ၂၀၂၅ ခုနှစ်၊ အောက် တိုဘာမှ နိုဝင်ဘာ အတွင်း ရေနွေးကြမ်းဖူးတွင် အသုံးပြုသည့် လက်ဖက်ရွက်ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၂,၅၀၀ ယန်းရှိကြောင်းနှင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၆ ဆ မြင့်တက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံတွင် ရောင်းချလျက်ရှိသော လက်ဖက်ခြောက်များ၏ ၄ ပုံ ၁ ပုံမှာ ကျိုတိုဒေသမှ ထွက်ရှိသည့် လက်ဖက်ခြောက်များဖြစ်ပြီး၊ လက်ဖက်ရိတ်သိမ်းချိန်မှာ နှစ်စဉ်ဧပြီလမှ မေလအထိ ဖြစ်ပါသည်။ ပြည်ပနိုင်ငံများတွင် ဂျပန်လက်ဖက်စိမ်းအမှုန့် (Matcha Powder) ဝယ်လိုအား မြင့် တက်လျက်ရှိခြင်းကြောင့် ၂၀၂၇ ခုနှစ်တွင် ဂျပန်လက်ဖက်စိမ်းဝယ်လိုအားမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံအထိ ရှိနိုင်ကြောင်း ခန့်မှန်းထားကြသည်။

**သူဇာဖြိုး**

စာ-၆ မှ

သွားစေမည်ဖြစ်ပြီး၊ ထုပ်ပိုးထားသောဆန်နှင့် အခွံချွတ်ထားသောဆန်အမျိုးအစားကို တင်ပို့သည့် အိန္ဒိယကဲ့သို့ အာရှနိုင်ငံများ၏ အကျိုးအမြတ်ကို ထိခိုက်စေကာ ဥရောပသမဂ္ဂရှိ ဆန် ရောင်းဝယ်ဖေါက်ကားသူ အနည်းငယ်သာ အကျိုးခံစားရမည် ဖြစ်ကြောင်း စီးပွားရေးလေ့လာဆန်းစစ်သူများကသတိပေးခဲ့သည်။

ဥရောပဆန်စက်လုပ်ငန်းရှင်များအဖွဲ့ချုပ် (FERM) သည် ပြည်တွင်း၌ ပြုပြင်ထုတ်လုပ်မှုကို အားပေးရန်အတွက် ကုန်ချောပစ္စည်းများအပေါ် ပိုမိုမြင့်မားသော အခွန်ကောက်ခံမှုများ ပြုလုပ်ရန် တက်ကြွစွာ လှုံ့ဆော်လျက်ရှိကြောင်း သိရသည်။ အဆိုပါ ချဉ်းကပ်မှုသည် လွန်ခဲ့သော နှစ် ၂၀ အတွင်း ပြည်တွင်းထုတ်လုပ်မှု ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း အီတလီနှင့် စပိန်တို့က လွှမ်းမိုး ထားသော ဥရောပသမဂ္ဂ၏ ဆန်ကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ်ကြောင်း တွေ့



ရှိရသည်။

အိန္ဒိယတင်ပို့သူများအတွက်မူ ၎င်းသည် သိသာထင်ရှားသော အတားအဆီးတစ်ခုကို ဖန်တီး ပေးပြီး ကြီးမားသောကုမ္ပဏီများကို ဥရောပအတွင်း၌ ပြုပြင်ထုတ်လုပ်မှုယူနစ်များ တည်ထောင်ရန် တွန်းအားပေးနိုင်ကြောင်း သိရသည်။ အိန္ဒိယဆန်ကဏ္ဍ ကျွမ်းကျင်သူများက အဆိုပါ အကာအကွယ်ပေးရေး အစီအမံအသစ်များဆိုင်ရာ ဥပဒေတစ်ရပ် မဖြစ်ပေါ်လာမီ ၎င်းတို့၏ ပို့ကုန်အကျိုးစီးပွားများကို ကာကွယ်ရန်နှင့် စည်းကမ်းချက်များ ညှိနှိုင်းရန်အတွက် လက်ရှိ အိန္ဒိယ-ဥရောပသမဂ္ဂ FTA ဆွေးနွေးပွဲများကို အသုံးချရန် အကြံပြုခဲ့ကြောင်း သိရသည်။

သို့ပါ၍ ဥရောပသမဂ္ဂ၏ "သီးခြားအလိုအလျောက် အကာအကွယ်ပေးရေးယန္တရား" သည် ၎င်း၏ ပြည်တွင်း ဆန်ထုတ်လုပ်သူများဖြစ်သော အီတလီ၊ စပိန် စသည့် နိုင်ငံအချို့ကို ကာကွယ်ရန် ဟူသော စီးပွားရေးရည်ရွယ်ချက်များအပြင်၊ တင်သွင်းလာသော ဆန်ပို့ကုန်များတွင် ဓာတုဓါတ်ကြွင်း (residues) ပါဝင်မှု ပမာဏမြင့်မားခြင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်မှုများကိုပါ အကြောင်းပြချက်အဖြစ် အသုံးပြုခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းအချက်သည် EBA အစီအစဉ်အောက်ရှိ မြန်မာနိုင်ငံအနေဖြင့် ဥရောပဈေးကွက်သို့ တင်ပို့ရာတွင် သန့်ရှင်းမှု၊ အပင်ပိုးမွှား ရောဂါကာကွယ်ရေး (SPS) စံနှုန်းများနှင့် ခြေရာခံနိုင်မှု (Traceability) စသည့် လိုအပ်ချက်များကို ပိုမိုတင်းကြပ်စွာ လိုက်နာရန် လိုအပ်ကြောင်း ညွှန်ပြလျက်ရှိပါကြောင်း လေ့လာသုံးသပ် တင်ပြလိုက်ရပါသည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline, EU poised to curb rice imports from India, Pakistan and other Asian nations, December 11, 2025.

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်ဈေးကွက်ရရှိစေရန်
စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း၊ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်၊
ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ် တို့ကို လိုက်နာကျင့်သုံးပါ။

# ပန်းကဏန်း ခေါ် ကဏန်းပြာ ၏



# ထူးခြားသောသဘာဝနှင့်အသုံးဝင်ပုံ

ပင်လယ်ပြာ(ငါးဦးစီး)

ကဏန်းမျိုးစိတ်များသည် ကမ္ဘာ့သမုဒ္ဒရာရေပြင်၊ ရေချိုပိုင်းနှင့် ကုန်းတွင်းပိုင်းတို့တွင် နေထိုင်လေ့ရှိကြပြီး ကမ္ဘာအနှံ့အပြားတွင် ကဏန်းမျိုးစိတ်ပေါင်း ၇၀၀၀ ခန့် ရှိကြပြီး ကဏန်းအုပ်စုပေါင်း ၉၆ စုခန့်ရှိကြောင်း မှတ်တမ်းများအရ သိရပါသည်။

## ကဏန်းသဘာဝ

ရေသတ္တဝါများတွင် များသောအားဖြင့် ခြေထောက်ပါသည်ကို အလွန်တွေ့ရခဲသည်။ ခြေထောက်အတုအယောင်များသာ ပါရှိကြသည်။ ကဏန်းတွင် ထူးခြားစွာ ခြေထောက် ၁၀ ချောင်း ပါရှိသည်ကို တွေ့ရသည်။ ယင်းတို့အနက် ၈ ချောင်းကိုသာ လမ်းလျှောက် သွားလာရန် အသုံးချ၍ ကဏန်းလက်မခေါ်ကြီးမားသန်စွမ်းသည့် ပထမအစုံကိုမူ လက်သဖွယ် အသုံးချသည်။ ထိုလက်မကြီးများသည် ကဏန်းအတွက် အကာအကွယ်လက်နက်လည်း ဖြစ်၏။ ကဏန်း၏ ကျောကုန်းမှာ အံ့ဖွယ်ကောင်းလောက်အောင် မာကျောသော အခွံထူဖြစ်၍ ဤအခွံကြီးက ၄င်း၏ ကိုယ်ခန္ဓာကို ကာကွယ်ထားသည်။ ကိုယ်အရှေ့ပိုင်းတွင် ရင်အုပ်ကာ သံချပ်သဖွယ် အကာအကွယ်ပါရှိ၍ ခြေထောက် ၁၀ ချောင်း စလုံးမှာလည်း မာကျောသော အခွံများဖြင့် အသီးသီး ဖုံးအုပ်လျက်ရှိပေသည်။ ကဏန်းသည် ရန်သူကို လက်မဖြင့် မြဲမြံစွာ ညှပ်တတ်သောကြောင့် ယင်းတို့ကို သတိနှင့် ကိုင်တွယ်ရသည်။ ကဏန်း၏ မျက်လုံးများတွင် အညှာတံပါရှိ၍ ယင်းတို့သည် ဝင်လိုက်ထွက်လိုက် လုပ်တတ်သောကြောင့် တစ်နည်းအားဖြင့် ရယ်ဖွယ်ကောင်းသည်။ ၄င်း၏ ပါးစပ်မှာလည်း အလွန်အံ့သြဖွယ်ကောင်းသည်ဟု ဆိုရပေမည်။ အဘယ်ကြောင့် ဆိုသော် ယင်းတွင် စမ်းသပ်ရန်၊ ကိုက်ဖဲ့ရန်နှင့် အစာကို ဝါးချေရန် အင်္ဂါအစိတ်အပိုင်းများ ပေါင်းစုပါဝင်သောကြောင့် ဖြစ်၏။

ကဏန်းသည် ရေသတ္တဝါပင်ဖြစ်သော်လည်း ကုန်းပေါ်၌ ဟိုမှသည်မှ လျှောက်သွားရန် နှစ်သက်သည်။ အခြားရေသတ္တဝါများနည်းတူ ပါးဟက်ဖြင့် ရေထဲ၌ အသက်ရှူသော်လည်း ကုန်းပေါ်တွင် အတန်ကြာကြာ နေနိုင်သည်။ နေနိုင်ခြင်းမှာ ယင်းတို့၏ ပါးဟက်များကို စွတ်စိုမြဲစွတ်စိုအောင် ပြုလုပ်ထားနိုင်သောကြောင့် ဖြစ်၏။

ကဏန်းတွင် အမျိုးပေါင်းများစွာရှိ၍ အသေးငယ်ဆုံးသော ကဏန်းကလေးမျိုးမှာ ခရုခွံ၊ ကမာခွံထဲတွင် ဝင်နေနိုင်လောက်အောင် သေးငယ်သည်။ ဂျပန်ပင်လယ်၌ တွေ့ရသော ပင့်ကူ ကဏန်းကြီးများမှာမူ ကိုယ်အရှည် ၁၈ လက်မ၊ ပြက်အကျယ် ၁၂ လက်မခန့်အထိပင်ရှိတတ်သည်။

ကဏန်းတို့သည် များသောအားဖြင့် ရေထဲတွင်သာ နေလေ့ရှိကြသည်။ ကုန်းပေါ်၌ နေထိုင်ကျက်စားသော ကုန်းကဏန်းများပင်လျှင် ဥအုချိန်တွင် ပင်လယ်သို့ထွက်ကြသည်။ ရေနေကဏန်းမျိုးသည် ပါးဟက်ဖြင့် အသက်ရှူကြ၍ ကုန်းကဏန်းမျိုးတွင် ပါးဟက်အစား အသက်ရှူရန် အဆုတ်နှင့်တူသော အင်္ဂါတစ်မျိုး ပါရှိသည်။ အချို့ကဏန်းမျိုးမှာမူ ကုန်း၊ရေနှစ်ဌာနစလုံးမှာပင် လွယ်ကူစွာနေနိုင်ကြသည်။

ကဏန်းများသည် ၄င်းတို့၏ ခြေလက်တို့တွင် ဒဏ်ရာရပါက ထိုခြေလက်တစ်ခုလုံးကို ဖြုတ်ပစ်လိုက်၍ ထိုနေရာတွင် မကြာမီပင် ခြေလက်အသစ် ပေါက်လာပြန်သည်။

## ကဏန်းအထီး၊အမ ခွဲခြားခြင်း

ကဏန်းအထီး၊ အမများကို ခွဲခြားရန်အတွက် ဝမ်းဗိုက်ပိုင်းဘက်ကို လှည့်ကြည့်ခြင်းအားဖြင့် ရင်ဘတ်အဖုံးအပြား(ချက်ပြား)၏ အနေအထားကိုကြည့်၍ လွယ်ကူစွာခွဲခြားနိုင်ပါသည်။ ကဏန်းအမမှာဝမ်းဗိုက်ပြည့်လုနီးပါး (ဂ) ပုံသဏ္ဌာန်ရှိပြီး အထီးမှာ ချက်ပြားငယ်၍ ထိပ်ချွန်ချွန်(တြိဂံ)ပုံ ရှိပါသည်။

## ကဏန်းအမျိုးအစားများ

မြန်မာနိုင်ငံတွင် တွေ့ရှိရသော ကဏန်းအမျိုးအစားများမှာ ရွှံ့ကဏန်း/ကဏန်းမဲ၊ ကဏန်းချေးပုန်း၊ ကဏန်းပြာ၊ သဲကဏန်း၊ ဘုန်းကြီးကဏန်း/ကဏန်းနီတို့ ဖြစ်ကြပြီး အခြားကဏန်းမျိုးစိတ်ငယ်များမှာခြေနီကဏန်း၊ ကဏန်းဖြူအုန်းကဏန်း၊ ဝသုံးလုံးကဏန်း၊ မျောက်ကဏန်း၊ ကဏန်းယပ်တောင်၊ တယောထိုးကဏန်း စသဖြင့်ရှိကြသည်။ ထိုကဲ့သို့ ကဏန်းမျိုးစိတ်များစွာရှိသည့်အနက်မှ ပန်းကဏန်း (ခေါ်) ကဏန်းပြာအကြောင်းကို ဖော်ပြပေးပါမည်။

## ပန်းကဏန်း

ပန်းကဏန်းသည် အင်ဒို-ပစိဖိတ် ဒေသတွင် တွေ့ရှိရသည့် ကဏန်းကြီးမျိုးစိတ်ဖြစ်ပြီး အင်ဒိုနီးရှား၊ မလေးရှား၊ကမ္ဘောဒီးယား၊ ထိုင်း၊ဖိလစ်ပိုင်၊ဗီယက်နမ်၊ ဩစတေးလျနှင့် မြန်မာနိုင်ငံတို့တွင် တွေ့ရများပါသည်။ပန်းကဏန်းကို ကဏန်းပြာ၊ ရေကူးကဏန်းပြာဟုလည်း လူသိများပြီး အင်္ဂလိပ်လို "blue swimming crab (ခေါ်) blue manna"ဟု ခေါ်ဆိုကြသည်။၄င်း၏ သိပ္ပံအမည်မှာ" Portunus pelagicus "ဖြစ်သည်။ပန်းကဏန်းများသည် သဲသောင် (သို့မဟုတ်) ရွှံ့အလွှာရှိသော နေရာများနှင့် ပင်လယ်မြက်ခင်းများတွင် တွေ့ရလေ့ရှိသည်။





## နေထိုင်မှုအလေ့အထ

ပန်းကဏန်းများသည် အထူးသဖြင့် နွေခင်းဘက်နှင့် ဆောင်းရာသီကာလတွင် သဲ သို့မဟုတ် ရွှံ့အောက်တွင် နစ်မြုပ်နေနိုင်ပြီး ၄င်းတို့သည် ဒီရေတက်ချိန်တွင် အခွံနှစ်ခြမ်းပါသော ဂုံး၊ကမာကောင်များ၊

စာ-၉ သို့

စာ-၈ မှ
ငါးနှင့်မိုက်ခရိုအယ်လ်ဂျေးကဲ့သို့သော သက်ရှိအမျိုးမျိုးတို့ကို စားသောက်ရန် ထွက်လာကြသည်။ လှော်တက်နှင့် ဆင်တူသော ၄င်းတို့၏ခြေထောက်တစ်စုံကြောင့် ရေထဲတွင်ကျွမ်းကျင်စွာ ရေကူးနိုင်ကြသည်။

သို့သော်လည်း ပန်းကဏန်းသည် အခြားသောကဏန်းများနှင့် မတူဘဲ ၄င်းတို့သည် ရေထဲတွင် ကြာရှည်စွာ မရှင်သန်နိုင်ပေ။

### အရွယ်အစား

ပန်းကဏန်းများသည် အရွယ်အစားအားဖြင့် ၄င်းတို့၏ အခွံမှာသည် ၂၀ စင်တီမီတာ (၇ ဒသမ ၉လက်မ) အထိ ကျယ်နိုင်သည်။

### ပန်းကဏန်း အထီး၊အမ အရောင်ခွဲခြားခြင်း

ပန်းကဏန်းအထီးများသည် အပြာရောင်တောက်ပကြပြီး အဖြူရောင် အစက်အပျောက်များပါရှိကြကာ အမများသည် အစိမ်း/အညိုရင့်မှိုင်းရှိပြီး ပိုဝိုင်းသောလုံးပတ်များရှိသည်။

### အခွံလဲခြင်းသဘာဝ

အခြားသော အခွံမာရေသတ္တဝါများကဲ့သို့ပင် ပန်းကဏန်းများသည်လည်း အခွံလဲသည့် အလေ့အထရှိကြသည်။အခွံများသည် ပျော့ပါးပြီး အသားကင်းသည်။

### ဥ,အုခြင်း

ပန်းကဏန်းအမသည် ၄င်း၏ ဝမ်းဗိုက်တွင် ဥများကို သားလောင်းများပေါက်သည်အထိ သယ်ဆောင်ထားကြသည်။

### အစာရှာသည့်အလေ့အထ

ပန်းကဏန်းသည် ရေသတ္တဝါများဖြစ်ကြသော်လည်း ရေထဲတွင် ကြာရှည်စွာ မနေနိုင်ကြပေ။၄င်းတို့သည် နေ့အချိန်တွင် သဲ သို့မဟုတ် ရွှံ့များတွင် ပုန်းအောင်းကြပြီး ညအချိန်၌ အစာရှာဖွေကြသည်။

### အစာစားသည့် အလေ့အထ

ပန်းကဏန်းများသည် အသားစားရေနေသတ္တဝါများ ဖြစ်ကြပြီး ပင်လယ်မြက်များကြားတွင် ပုန်းအောင်းလေ့ရှိသော ငါးငယ်များနှင့် ရေသတ္တဝါများကို စားသုံးလေ့ရှိကြသည်။

### ပန်းကဏန်းစားဖွယ်စုံ

ပန်းကဏန်းကို အစပ်ချက်၊ မဆလာချက်၊ ပန်းကဏန်းချဉ်စပ်၊ ပန်းကဏန်းအနီရောင် အနှစ်ချက် အပြင် ပန်းကဏန်းကို ပေါင်းစားခြင်း၊ အစိမ်းသုပ်စားခြင်း၊အစိမ်းထောင်းစားခြင်း စသဖြင့် ပြုလုပ်စားကြသည်။

### အာဟာရတန်ဖိုး

ပန်းကဏန်းသည် ပရိုတင်းနှင့် အိုမီဂါ -၃ ဖက်တီးအက်ဆစ်၏ အရင်းအမြစ်ကောင်းများဖြစ်သည်။

### ပန်းကဏန်းတွင်ပါဝင်သော အာဟာရဓာတ်များ

ပန်းကဏန်းတွင် ခန္ဓာကိုယ်ဖွံ့ဖြိုးရန်အတွက် လိုအပ်သော သက်စောင့်ဓာတ်များ ပါဝင်သောကြောင့် ပန်းကဏန်းကို ပုံမှန်စားသုံးပေးခြင်းအားဖြင့် စွမ်းအင်များရရှိခြင်း၊ ဆဲလ်များ၏ လုပ်ဆောင်ရည် ပိုမိုကောင်းမွန်လာခြင်း၊ သွေးနီဥများ၏ စွမ်းဆောင်ရည်ကောင်းလာခြင်း၊ အရိုးအဆစ်များသန်မာလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

အရသာရှိသော အစားအစာလည်းစားချင်၊ အသားဓာတ်လည်း ရချင်သည်ဆိုလျှင် ပန်းကဏန်းဟင်းလျာသည် အသင့်တော်ဆုံးဖြစ်ပါသည်။ ကျန်းမာသော ကြွက်သားများကို တည်ဆောက်နိုင်ဖို့ အသားဓာတ်ကို အမျိုးသားရော၊အမျိုးသမီးပါ လိုအပ်ပါသည်။တစ်နေ့တာ လိုအပ်ချက်မှာ





အမျိုးသားတွင် ၅၆ ဂရမ်ရှိပြီး အမျိုးသမီးတွင် ၄၆ ဂရမ်ဖြစ်ပါသည်။ ကဏန်း ၃အောင်စတွင် ပရိုတင်း ၁၆.၅ ဂရမ်ကျော် ပါဝင်ပြီး ပရိုတင်းအသစ်များ ထုတ်လုပ်ဖို့အတွက် လိုအပ်သော အမိုင်နိုအက်ဆစ် ၂၀ ကျော် ပါဝင်သောကြောင့် အသားဓာတ်ဖြည့်တင်းဖို့အတွက် ပြီးပြည့်စုံသောအစားအစာဟုပင်ဆိုရပေမည်။

### ပန်းကဏန်းစားခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများ

ကမ္ဘာ့နိုင်ငံတော်တော်များများတွင် ပန်းကဏန်းကို လူတော်တော်များများ ကြိုက်နှစ်သက်ကြပါသည်။ပန်းကဏန်းကို စားသုံးခြင်းအားဖြင့် ကြွက်သား၊အရေပြားနှင့် ကိုယ်တွင်းအင်္ဂါဆိုသည့် ခန္ဓာကိုယ်၏ တစ်ရှူးများ ကြီးထွားရန်အတွက် လိုအပ်သော အရည်အသွေးမြင့် ပရိုတင်းဓာတ်များကို ကဏန်းမှ ရရှိနိုင်ပါသည်။

ပန်းကဏန်း၏ အသားသည် အခြားအသားများနှင့် ယှဉ်ကြည့်လျှင် အဆီဓာတ်ပါဝင်မှု နည်းပါးသောကြောင့် အခြားအသားများစားခြင်းထက် ကျန်းမာရေးနှင့် ပိုပြီးညီညွတ်စေပါသည်။ပန်းကဏန်းသည် အချို့သောပင်လယ်စာများထက် အဆိပ်သင့်စေသော ပြဒါးဓာတ်ပါဝင်မှုပမာဏ အလွန်နည်းခြင်းသည်လည်း ရွေးချယ်စားသောက်သင့်သော အချက်တစ်ချက်ဖြစ်သည်။ပန်းကဏန်းစားခြင်းဖြင့်-

၁။ခွန်အားဖြစ်စေခြင်း

ပန်းကဏန်းတွင် ဗီတာမင် B12 ဓာတ်၊ ဖက်တီးအက်ဆစ်နှင့် အမိုင်နိုအက်ဆစ်ပါဝင်သောကြောင့် ဇီဝကမ္မဖြစ်စဉ်များကို အားကောင်းစေပါသည်။ ထို့ပြင် ပရိုတင်းဓာတ်လည်း ပါဝင်သောကြောင့် ခွန်အားဖြစ်စေပြီး အပင်ပန်းခံနိုင်ကာ သက်လုံလည်း ကောင်းစေပါသည်။

၂။အနာကျက်မြန်ခြင်း

ပန်းကဏန်းထဲတွင် ပရိုတင်းဓာတ်၊ ဗီတာမင် B 12 ၊ ဇင့်၊ သတ္တုဓာတ်များ ပါဝင်သောကြောင့် အနာအကျက်မြန်စေပါသည်။ ထို့ကြောင့် ပင်လယ်ရေအောက်တွင် ငုပ်ရင်း ပွန်းပဲ့မှုများဖြစ်လာလျှင် အနာအကျက်မြန်ဖို့ ပန်းကဏန်းကို စားသင့်ပါသည်။ ထို့ပြင် ပန်းကဏန်းတွင် အိုမီဂါ-၃ ဖက်တီးအက်ဆစ်များလည်း ကြွယ်ဝစွာ ပါဝင်သောကြောင့် ကိုယ်ခံအားစနစ်ကို အားကောင်းစေပါသည်။

၃။နှလုံးရောဂါအတွက် ကောင်းမွန်ခြင်း

ပန်းကဏန်းတွင် အိုမီဂါသရီး ပါဝင်မှုများသောကြောင့် မကောင်းသည့် ကိုလက်စထရောများကို သွေးကြောထဲမှ ဖယ်ရှားပေးပါ သည်။ ထို့ပြင် ဆီလီနီယမ်ဓာတ်လည်းပါဝင်သောကြောင့် သွေးကြောဆဲလ်များ ပျက်စီးမှုမှလည်း ကာကွယ်ပေးပါသည်။

၄။ဦးနှောက်ဉာဏ်ရည်ကောင်းမွန်ခြင်း

နွားနို့ကဲ့သို့ပင် ကဏန်းတွင် အိုမီဂါ-၃ ဖက်တီးအက်ဆစ်ဓာတ်များများစွာ ပါဝင်နေပါသည်။ ထိုဓာတ်သည် ဦးနှောက်စဉ်းစားနိုင်စွမ်းကို တိုးမြှင့်ပေးပါသည်။

၅။မျက်လုံးကျန်းမာရေးအတွက် ကောင်းမွန်ခြင်း

ပန်းကဏန်းတွင် ဗီတာမင်-အေ ကြွယ်ဝစွာပါဝင်သောကြောင့် မျက်စိကျန်းမာရေးအတွက် ကောင်းမွန်စေပါသည်။

၆။ကင်ဆာရောဂါကို ကာကွယ်ခြင်း

ဖရီးရယ်ဒီကယ်(Free Radicals) များသည် ကင်ဆာရောဂါကို အဖြစ်များစေသည်ဟုသိရသည်။ကဏန်းတွင် ပရိုတင်းဓာတ်၊ အိုမီဂါ-၃၊ သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သောကြောင့် ဖရီးရယ်ဒီကယ်များကို ဖယ်ရှားပေးပြီး ကိုယ်ခံအားကို မြှင့်တင်ပေးပါသည်။

### သတိပြုရန် အနေဖြင့်-

-ပန်းကဏန်းတွင် ကိုလက်စထရော ပါဝင်မှု မြင့်မားသည့်အတွက် အစားများလွန်းလျှင် နှလုံးကျန်းမာရေးကို ထိခိုက်စေပါသည်။

-ပင်လယ်စာနှင့် ဓာတ်မတည့်သူများ အနေဖြင့် ပန်းကဏန်းစားခြင်းသည် ဓာတ်မတည့်မှု အလာ့ဂျစ်ဖြစ်စေနိုင်သည်ဆိုသည့်အချက်ကိုလည်း သိထားသင့်ပါသည်။

-ပန်းကဏန်းအပါအဝင် ကဏန်းများတွင် သဘာဝအတိုင်းကိုက ဆိုဒီယမ်ဓာတ်လည်း မြင့်မားစွာ ပါဝင်သည့်အတွက် သွေးပေါင်ချိန်တိုးစေနိုင်သောကြောင့် သွေးတိုးရှိသူများ သတိပြုစားသောက်သင့်ပါသည်။

-ပန်းကဏန်းအပါအဝင် ကဏန်းများကို ချက်ပြုတ်စားသောက်သည့်အခါ မကျက်လျှင် (သို့) မသန့်သည့်အခါ အစာအဆိပ်သင့်ခြင်းကဲ့သို့ ဝမ်းပျက်၊ဝမ်းကိုက်ခြင်း၊ အော့အန်ခြင်းမျိုးများ ဖြစ်တတ်ပါသည်။

### အချုပ်အားဖြင့် ဆိုရသော်-

အခွံမာရေသတ္တဝါ ပန်းကဏန်းသည် သဘာဝအားဖြင့် ထူးခြားလှပြီး အရသာလည်း ထူးခြားကောင်းမွန်လှပေသည်။ ထို့ပြင် ကျန်းမာရေးအကျိုးကျေးဇူးလည်း များပြားစွာ ရရှိနိုင်သောကြောင့် စားပေးသင့်သည့် ပင်လယ်စာဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ပင်လယ်ပြာ(ငါးဦးစီး)**



# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၄၀)

## မြန်မာနိုင်ငံစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်ဘွဲ့ရကျောင်းသား/သူများ အပါအဝင် ယနေ့ခေတ်အလုပ်အကိုင် ရရှိမှု/ဆက်စပ်မှုအခန်းကဏ္ဍ

(ယခင်အပတ်မှအဆက်)

ဒေါက်တာမျိုးကြွယ်
ပါမောက္ခချုပ်(ငြိမ်း)

## The Role of University Graduates and Current Employment Opportunities in Myanmar

ထပ်မံပြီး စာရေးသူကြုံတွေ့ခဲ့ရသော စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ နိုင်ငံတကာ တက္ကသိုလ်၊ ကောလိပ်၊ အသက်မွေး ပညာ သင်ကျောင်းများနှင့် ထိုနိုင်ငံများအတွင်းရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူ၊ စီးပွားရေး အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ ဆက်စပ်ဆောင်ရွက်မှု (University-Industry Relationships in Agriculture) အခန်းကဏ္ဍကို ဆက်လက်ဆွေးနွေးပါမည်။

**၁။ တက္ကသိုလ်/ကောလိပ်/သိပ္ပံ– စက်မှု၊ စိုက်ပျိုးရေး၊ စီးပွားရေး အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများ ဆက်ဆံရေး၏ အရေးပါမှု**

(၁-က) <u>အတတ်ပညာနှင့် လုပ်ငန်းလိုအပ်ချက်အကြား ချိတ်ဆက်ပေးခြင်း</u>

(Linkage between Supply and Demand)

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများက သီအိုရီနှင့် ဗဟုသုတများစွာ ပေးသော်လည်း၊ စက်မှု၊ စိုက်ပျိုး၊ စီးပွားရေး လုပ်ငန်းများက လက်တွေ့ အသုံးချနိုင်သော (Practically skills) ကိုလိုအပ်နေတတ် ပါသည်။ လုပ်ငန်း နှစ်ခုအတူပူးပေါင်းလျှင် သင်ရိုးညွှန်းတမ်း များကို တစ်နိုင်ငံချင်း၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီအောင် ပြင်ဆင်ပေးနိုင် ပါသည်။

(၁-ခ) <u>သုတေသန နှင့်တီထွင်ဖန်တီးမှု တိုးတက်အောင်မြင်ခြင်း</u>

(Improvement in Research and Innovation)

တက္ကသိုလ်များတွင် ပညာတတ်နှင့် သုတေသနစွမ်းရည် များစွာ ရှိသော်လည်း ငွေကြေး၊ရန်ပုံငွေ အကူအညီနည်းနေတတ်ပါသည်။ နိုင်ငံတကာ တွင် သုတေသန အစိုးရ ရန်ပုံငွေ အပြင်၊ ပုဂ္ဂလိကကဏ္ဍမှလည်း များပြားစွာ ကူညီမှုရနေပါသည်။ စီးပွား၊ စက်မှု လုပ်ငန်းများမှ ငွေကြေး၊ လုပ်ငန်းကိရိယာ (Research Equipment)နှင့် သတင်းအချက် အလက်များ (Required Data) ပေးခြင်းဖြင့် နှစ်ဦးအတူ ဖန်တီးတီထွင်ဆန်းသစ်မှုများပြုလုပ်ကာ နိုင်ငံဖွံ့ဖြိုး တိုးတက်နိုင်ပါသည်။

(၁-ဂ) <u>နည်းပညာနှင့် ဗဟုသုတ ပြောင်းလဲမှု</u>

(Technology & Knowledge Transfer)

တက္ကသိုလ်တွင် ဖန်တီးခဲ့သည့် သုတေသနရလဒ်များကို စီးပွားရေး၊ အသေးစား၊ အလတ်စား၊ အကြီးစားစက်မှုလုပ်ငန်းများက ထုတ်ကုန်သို့ ပြောင်းလဲနိုင်သည်။ ဤနည်းဖြင့် တက္ကသိုလ်ရှိ သုတေသနများသည် လူ့ဘောင်အကျိုးရှိအောင် အသုံးချ နိုင်ပါသည်။

(၁-ဃ) <u>ကျောင်းသားများအတွက် လုပ်ငန်းအတွေ့အကြုံ ရရှိခြင်း</u>

(Experiential Learning)

နောက်ဆုံးနှစ် လုပ်ငန်းခွင်အကြို လက်တွေ့လုပ်ငန်းများ (Internship၊ Apprenticeship) စသည်ဖြင့် ကျောင်းသားများကို လုပ်ငန်းခွင် တွင် တက်ကြွစွာ လေ့ကျင့်ခွင့်ပေးခြင်းဖြင့် လက်တွေ့အတွေ့အကြုံရရှိစေ ပါသည်။ ဤအတွေ့အကြုံသည် ဘွဲ့ရပြီးနောက် အလုပ်အကိုင်ရှာဖွေရာတွင် အထောက်အကူဖြစ်သည်။

(၁-င) <u>နှစ်ဖက်စလုံးအတွက် တိုးတက်မှုနှင့် အားသာချက်</u>

(Improvement and Advantages of Both Organizations)

တက္ကသိုလ်များအတွက် သင်ရိုးသစ်၊လုပ်ငန်းအခြေခံသင်ကြားမှု များ တိုးတက်လာသည်။ စက်မှု၊ စီးပွားလုပ်ငန်းများအတွက် လေ့ကျင့်ထား သော အင်ဂျင်နီယာ၊ စီးပွားရေး၊ စိုက်ပျိုး မွေးမြူရေးပညာများနှင့် အသုံးချနိုင် သော လူ့စွမ်းအားရရှိလာသည်။

ဤစနစ်ကို စင်ကာပူနိုင်ငံတက္ကသိုလ်များတွင် နှစ်စဉ်လက်တွေ့ ကျင့်သုံးလျက်ရှိနေပြီး မိမိ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ချက်ချင်းလိုအပ် နေသော ဘာသာရပ် အသစ်များကို နှစ်စဉ် တက္ကသိုလ်များ၏ သင်ရိုးညွှန်း တန်း၊ သင်ရိုးမာတိကာများနှင့် ဆက်စပ်မှုရှိအောင် ပြောင်းလဲ၊ ပြင်ဆင် သင်ကြား၊ သုတေသနပြုနေပါသည်။ တက္ကသိုလ်များ၏ ဘာသာရပ်၊ သင်ရိုး ညွှန်းတမ်းများကို အစိုးရမှ ဗဟိုချုပ်ကိုင်မှု (Centralization)၊ တိုက်ရိုက် လွှမ်းမိုးမှုမရှိဘဲ တက္ကသိုလ်ကောင်စီ (University Council)၊ တက္ကသိုလ် ပညာရေး၊ စီမံခန့်ခွဲရေးအဖွဲ့ (Academic Board/Board of Study/Senate/ Board of Trustees) တို့က အတည် ပြုပြီး လွတ်လပ်စွာ စီမံခန့်ခွဲနိုင်မှု (Autonomous Authority) ရှိနေသည်ကလည်း တစ်ပန်းသာနေပါသည်။

**၂။ အထက်ပါ နှစ်ဖွဲ့တို့ဆက်ဆံရေးသည် နိုင်ငံအဆင့် စီးပွားရေးတိုးတက်မှု အတွက် လိုအပ်နေသည့်အကြောင်းများ**

(၂-က) <u>လူ့စွမ်းအား ဖွံ့ဖြိုးခြင်း</u>

(HRD - Human Resources/Capital Development)

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးသည် အလုပ်အကိုင် လုပ်အားလိုအပ် ချက်အရ ရှိနေသော လူ့စွမ်းအား အရင်းအမြစ်အပေါ် မူတည်သည်။ တက္ကသိုလ်ပညာနှင့် စက်မှု၊ စီးပွား လိုအပ်ချက်များကို ကိုက်ညီအောင် လေ့ကျင့်၊ သင်ကြားပေးနိုင်လျှင် နိုင်ငံ၏ ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက် လာသည်။

(၂-ခ) <u>ဖန်တီးမှုအခြေပြု စီးပွားရေးတိုးတက်မှု</u>

(Innovation-Driven Economy)

တက္ကသိုလ်နှင့် စက်မှုလုပ်ငန်းပူးပေါင်းမှုက ခေတ်မီနည်းပညာ များ၊ စွမ်းအင်၊ ထုတ်ကုန် အသစ်များ ဖန်တီးနိုင်စေသည်။ ဤအရာက နိုင်ငံ အချင်းချင်း၏ ပြိုင်ဆိုင်နိုင်မှု တိုးတက်စေနိုင်ပါသည်။

(၂-ဂ) <u>စီးပွားရေးလုပ်ငန်းအသစ်များ ဖန်တီးခြင်း</u>

(Entrepreneurship & Job Creation)

တက္ကသိုလ် စက်မှု၊ စီးပွားလုပ်ငန်း ပူးပေါင်းမှုများမှ ကနဦး ပျိုးထောင်မှု (Startup)၊ စတင် တီထွင်ဖန်တီးသောနေရာ (Innovation Hub) စသည်တို့ ဖြစ်လာနိုင်ပြီး၊ နိုင်ငံအတွက် အလုပ်အကိုင် အသစ်များ ဖန်တီးနိုင်သည်။

(၂-ဃ) <u>နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်မှု တိုးတက်ခြင်း</u>

(FDI - Foreign Direct investment Attraction)

ပညာတတ်၊ပညာရှင်၊ကျွမ်းကျင်သူ အလုပ်သမားများနှင့် သုတေ သနစွမ်းရည်ရှိသော နိုင်ငံများတွင် နိုင်ငံခြားကုမ္ပဏီများက ရင်းနှီးမြှုပ်နှံလို ကြသည်။ ထို့ကြောင့် ပညာရေးနှင့် စက်မှုခိုင်မာမှုသည် စီးပွားရေးစနစ်တစ်ခု လုံးကို မြှင့်တင်ပေးနိုင်ပါသည်။

(၂-င) <u>တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)</u>

နှစ်ဦးနှစ်ဖက်အတူပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေး၊ စိုက်ပျိုးမွေးမြူ ရေး၊ စွမ်းအင်သုံးစွဲမှုစသည့် အမျိုးအစားဆိုင်ရာ ပြဿနာ များစွာကို ဖြေရှင်းပေးနိုင် ပါသည်။

### ဂျာမနီနိုင်ငံရှိ တက္ကသိုလ်အမျိုးအစား နှစ်မျိုး၏ ကွာခြားချက်များ

(Universit□t vs Fachhochschule – FH / HAW)

ဂျာမနီနိုင်ငံတွင်တက္ကသိုလ်များကိုအဓိကအားဖြင့် အဆင့်မြင့် ပညာသင်တက္ကသိုလ် (Academic Universities - Universit□ten) နှင့် အသုံးချသိပ္ပံပညာသင်တက္ကသိုလ် (Universities of Applied Sciences - Fachhochschule – FH / HAW) ဟူ၍ ခွဲခြား ထားပါသည်။ နိုင်ငံခြား ကျောင်းသားများ၊ သုတေသနလုပ်ကိုင်လိုသူများနှင့် အလုပ် အကိုင် ရည်ရွယ် သူများအတွက် အရေးကြီးသော ကွာခြားချက်ဖြစ်ပါသည်။

အဓိကရည်ရွယ်ချက်နှင့် ဦးတည်ချက်များ

| အချက် | အဆင့်မြင့်ပညာသင်တက္ကသိုလ် | အသုံးချသိပ္ပံပညာသင်တက္ကသိုလ် |
|---|---|---|
| အဓိကအာရုံစိုက်မှု | သီအိုရီအခြေခံ၊ သိပ္ပံနှင့် သုတေသန အခြေခံ | လက်တွေ့အသုံးချ၊ လုပ်ငန်းခွင်အခြေခံ |
| ရည်ရွယ်ချက် | အသစ်သော သိပ္ပံဗဟုသုတ ဖန်တီးခြင်းကို ရည်ရွယ်ပါသည်။ | လုပ်ငန်းခွင်တွင် အသုံးချနိုင်သော ကျွမ်းကျင်မှုများပေးခြင်းကိုရည်ရွယ် ပါသည်။ |
| သင်ကြားပုံ | သီအိုရီကို အလေးထားပါသည်။ | လက်တွေ့နှင့် လုပ်ငန်းခွင်အတွေ့ အကြုံကို အလေးထားပါသည်။ |

စာ-၁၁ သို့

# အိန္ဒိယနိုင်ငံ၏ ပို့ကုန်တင်ပို့မှု ၃ ရာခိုင်နှုန်း တိုးတက်ကာ အမေရိကန်ဒေါ်လာ ၈၅၀ ဘီလီယံအထိ ရောက်ရှိနိုင်ဖွယ်ရှိ

အိန္ဒိယနိုင်ငံ၏ ကုန်စည်နှင့် ဝန်ဆောင်မှု ပို့ကုန်တင်ပို့မှုသည် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်တွင် ၃ ရာခိုင်နှုန်း တိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၈၅၀ ဘီလီယံအထိ ရောက်ရှိနိုင်ဖွယ်ရှိကြောင်း ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုသုတေသနဌာန (Global Trade Research Initiative- GTRI) က ဒီဇင်ဘာ ၂၅ ရက်နေ့တွင် ပြောကြားခဲ့သည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၈၂၅ ဘီလီယံ (ကုန်စည်တင်ပို့မှု အမေရိကန်ဒေါ်လာ ၄၃၈ ဘီလီယံနှင့် ဝန်ဆောင်မှုတင်ပို့မှု အမေရိကန်ဒေါ်လာ ၃၈၇ ဘီလီယံ) အထိ ရှိခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကထက် ပိုမို ခက်ခဲသော ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုဝန်းကျင်နှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း GTRI က ပြောကြားခဲ့သည်။

အဆင့်မြင့်စီးပွားရေးနိုင်ငံများတွင် မြင့်တက်လာသော ကာကွယ်ရေးဝါဒ (Protectionism)၊ ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအား လျော့နည်းလာမှုနှင့် ရာသီဥတုနှင့် ဆက်စပ်သည့် ကုန်သွယ်မှုအတားအဆီးအသစ်များသည် အိန္ဒိယနိုင်ငံက ပို့ကုန်မြှင့်တင်ရန် ကြိုးပမ်းနေချိန်တွင် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ယင်း၏ ရလဒ်အနေဖြင့် ပို့ကုန်တိုးချဲ့နိုင်မှုထက် လက်ရှိအခြေအနေကို ထိန်းသိမ်းထားနိုင်ရန် စိန်ခေါ်မှုများနှင့် ပိုမိုရင်ဆိုင်ရမည့် အလား အလာရှိကြောင်း GTRI တည်ထောင်သူ Ajay Srivastava က ပြောကြားခဲ့သည်။

"၂၀၂၅-၂၆ ဘဏ္ဍာနှစ်တွင် ကုန်စည်တင်ပို့မှုသည် ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားနည်းခြင်းနှင့် အမေရိကန်၏ အကောက်ခွန်ဖိအားအသစ်များကြောင့် သိသိသာသာတိုးတက်မှုမရှိဘဲ တည်ငြိမ်နေနိုင်ဖွယ်ရှိသော်လည်း ဝန်ဆောင်မှုတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံအထိ ကျော်လွန်နိုင်ပါသည်။ ထို့ကြောင့် စုစုပေါင်းပို့ကုန်တင်ပို့မှုသည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၈၅၀ ဘီလီယံ အထိ မြင့်တက်လာမည်ဖြစ်ပါသည်" ဟု ၎င်းက ပြောကြားခဲ့သည်။

ထို့အပြင် ပြင်ပဝန်းကျင် အခြေအနေများသည် လျင်မြန်စွာ ဆိုးရွားလာနေကြောင်းနှင့် ဥရောပတိုက်သည်လည်း ကုန်ကျစရိတ်ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ ဥရောပသမဂ္ဂ (EU) သည် ၎င်း၏ ကာဗွန်နယ်စပ် ညှိနှိုင်းမှုယန္တရား (Carbon Border Adjustment Mechanism- CBAM) ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်မည်ဖြစ်ပြီး သွင်းကုန်များအပေါ် ကာဗွန်အခွန်ကို ထိရောက်စွာ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ အခွန်ပေးဆောင်မှုများ မစတင်မီအချိန်၌ပင် လိုက်နာရမည့် စည်းမျဉ်းများနှင့် အစီ ရင်ခံတင်ပြရမည့် လိုအပ်ချက်များကြောင့် အိန္ဒိယနိုင်ငံ၏ EU သို့ သံမဏိတင်ပို့မှုမှာ ၂၄ ရာခိုင်နှုန်း ခန့် ကျဆင်းသွားခဲ့ပြီဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

"၂၀၂၆ ခုနှစ်မှစ၍ EU သွင်းကုန်လုပ်ငန်းရှင်များသည် အိန္ဒိယကုန်ပစ္စည်းများ၏ ဈေးနှုန်းတွင် CBAM ကုန်ကျစရိတ်များကိုပါ ထည့်သွင်းတွက်ချက်မည်ဖြစ်ပြီး ၂၀၂၇ ခုနှစ်တွင် လက်မှတ်များ အပ်နှံခြင်းဖြင့် ငွေပေးချေမှုများကို အပြီးသတ်ဆောင်ရွက်မည်ဖြစ်သည်" ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

လွတ်လပ်စွာကုန်သွယ်ရေးသဘော တူညီချက်များ (FTAs) သည် အသုံးမဝင်သော သံတမန်ရေးရာ အထိမ်း အမှတ်များအဖြစ်သာ ရှိမနေဘဲ ပို့ကုန်တင်ပို့မှုကို အမှန်တကယ်တိုးမြှင့်ပေးနိုင်ရန်၊ အိန္ဒိယကုမ္ပဏီများကို ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက် များအတွင်း ပေါင်းစည်းနိုင်ရန်နှင့် တိုင်းတာ၍ရသော ကုန်သွယ်မှုအကျိုးအမြတ်များ ရရှိစေရန်အတွက် အစိုးရအနေဖြင့် ကဏ္ဍအလိုက်အဆိုပါ FTAs များ၏ စွမ်းဆောင်ရည်ကို အရေးပေါ် ပြန်လည်သုံးသပ်ရန် GTRI က အကြံပြုထားကြောင်း သိရသည်။

ဥရောပသမဂ္ဂ၏ CBAM ကဲ့သို့သော ရာသီဥတုဆိုင်ရာ ကုန်သွယ်မှုအတားအဆီးများသည် အိန္ဒိယ၏ သံမဏိပို့ကုန်ကို သိသိသာသာ ထိခိုက်စေခဲ့ကြောင်း တွေ့ရှိရသည်။ ၎င်းသည် မြန်မာနိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်များအတွက်လည်း သတိပေးချက်တစ်ခုဖြစ်ပြီး၊ နောင်တွင် နိုင်ငံတကာသို့ တင်ပို့ရာ၌ အစိမ်းရောင်စံနှုန်းများ (Green Standards) နှင့် ကိုက်ညီရန် ကြို

စာ- ၅ သို့



စာ-၁၀ မှ

### စာရေးသူ၏အတွေးတစ်စ

ဤစနစ်များက မိမိနိုင်ငံအတွင်း လုပ်ငန်းလိုအပ်ချက် (Job Demand) နဲ့ စိုက်ပျိုး မွေးမြူရေး တက္ကသိုလ်များ အပါအဝင် တက္ကသိုလ်များအားလုံးက မွေးထုတ်ပေးတဲ့ ကျောင်းသား/သူ အရေအတွက်/ဘာသာရပ် မကိုက်ညီမှု (Mismatch) ကို ရှာဖွေ၊ ဖော်ထုတ်နိုင်ပါသည်။ ကျောင်းသား/သူများကိုလည်း ဒါရေး၊ ဒါဖတ်၊ အလွတ်ကျက်၊ ဒါဖြေ (Rote Learning and Memorizing) ကိုလျှော့ချပြီး အတွေးအခေါ်ကို ဦးစား ပေးသော သင်ကြား၊ သင်ယူခြင်းစနစ် (Critical Thinking Methods) များ တိုးတက် လာနိုင်ခြင်း၊ ဥပမာ - သတင်းအချက်အလက်နည်းပညာခေတ် (ICT Era - Digital Education _Education 4.0) တွင် စာသင်သည့်မှအစ လက်တွေ့လုပ်ခိုင်း (Assignments)၊ တတ် မြောက်မှု စစ်ဆေးခြင်း (Assessments and Exams) တို့အား သင်ယူမှုစီမံခန့်ခွဲမှု စနစ် (LMS – Learning Management System) ဖြင့်လည်းကောင်း၊ အင်တာ နက် နည်းပညာခေတ် (Internet of Things - IoT)၊ စမတ်ဖုန်းနည်းပညာခေတ် (Smart Phone Technology) စနစ်တွင် ဂူဂဲ စာသင်ခန်း (Google Classrooms) နှင့် အခြား ဆော့လ်ဝဲ/ပရိုဂရမ်များ (Other Sofwares/Programs – Canvas, Moodles, Nearpods, Blackboard Learn, Quizlet, Mentimeter, etc.) အသုံးပြုခြင်းကိုလည်းကောင်း၊ သမားရိုးကျ မျက်နှာချင်းဆိုင်သင်ကြား၊ သင်ယူခြင်း (Face-to-Face Learning) ထက် အွန်လိုင်းသင်ယူခြင်း (Online learning) ပါ တွဲဖက်ကာ ၂-မျိုးစလုံး (Blended Learning) အသုံးပြုချိန် ကျရောက်နေပါပြီလို့ ဆွေးနွေး လိုပါသည်။

မြန်မာနိုင်ငံတက္ကသိုလ်များရှိ တစ်ချို့ဘာသာရပ်များ၏ ဘွဲ့ရများ နှစ်စဉ်လိုအပ်သည် ထက် ပိုမိုထုပ်လုပ်ပေးနေခြင်း (Over Productions of some Graduates) ကို လျှော့ချပေးခြင်း ဖြင့် မိဘများ၊ နိုင်ငံတော်၊ တက္ကသိုလ်များ၏ ဘတ်ဂျက်၊ ငွေကြေးများကို အကျိုးရှိစွာ (Efficient Utilization of Budgets and Money) အသုံးပြုနိုင်ပါလိမ့်မည်။

ဩစတြေးလျ၊ ဂျာမနီ၊ နယ်သာလန် စသည့်နိုင်ငံများတွင် ကျောင်းတက်နေစဉ် ကတည်းက အလုပ်အကိုင်နှင့်ထိတွေ့စေသော အသက်မွေးဝမ်းကျောင်း စနစ် (Worked-based Vocational Learning Systems) က သမားရိုးကျ ပညာရပ်သင်တက္ကသိုလ်များနှင့် အပြိုင် အလွန်အောင်မြင်နေပြီး သူတို့အတွက် သီးသန့် အသုံးချတက္ကသိုလ်စနစ် (University of Applied Sciences) က ရှိပြီး ဖြစ်နေပါသည်။

ပညာရပ်ကို လေ့လာသော တက္ကသိုလ်များ (Academic Universities) နှင့် သုတေသန ဦးစားပေး တက္ကသိုလ်များ (Research-based Universities) ကတော့ သီးခြားလမ်း ကြောင်းဖြင့် သွားနေပါသည်။ စိုက်ပျိုး၊ မွေးမြူရေးအဓိကဖြစ်သော စာရေးသူတို့နိုင်ငံတွင် သုတေသန အခြေပြုတက္ကသိုလ်များတွင်သာမက လုပ်ငန်းခွင် အတွက် တိုက်ရိုက် အသုံး ဝင်နိုင်သော စိုက်ပျိုးမွေးမြူရေး ဆိုင်ရာ လက်တွေ့အသုံးချ တက္ကသိုလ်၊ ကောလိပ်များ လည်း လိုအပ်နေပါပြီ ဟူ၍ မှတ်တမ်းတင် ရေးသားလိုက်ပါသည်။

ဒေါက်တာမျိုးကြွယ်

(ဆက်လက်ဖော်ပြပါမည်)




၁၂-၁-၂၀၂၆ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်ဈေးကွက်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း) တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၉၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၈၅၀၀၀ ကျပ်နှုန်း၊ ရွှေဘိုပေါ်ဆန်း ဆန်သစ် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၇၂၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၆၈၀၀၀ ကျပ်နှုန်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ် လျှင် ၁၂၀၀၀၀ကျပ်နှုန်း၊ ဧယာဆန် အသစ် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၅၅၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၂၀၀၀ ကျပ်နှုန်း၊ ညှော်မထ ၂၅ ရာခိုင်နှုန်း အကြမ်းအလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၅၀၀၀၀ ကျပ်နှုန်းနှင့် ၂၅ ရာခိုင်နှုန်း အကြမ်းအောက်စတစ်အိတ်လျှင် ၄၉၀၀၀ ကျပ်နှုန်း၊ ငစိန်ဆန်အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၅၀၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၄၉၀၀၀ကျပ်နှုန်း ဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်းသိရ သည်။ ပြည်တွင်းစားသုံး မှုများသော ဆန်ချော၊ ဆန်ကြမ်းများမှာ ဆန်ဟောင်းရော ဆန်သစ်ပါ ဈေးကွက်သို့ ကုန်အဝင်ပုံမှန်ရှိခြင်း၊ ဝယ်လိုအား ပုံမှန်ရှိခြင်း၊ ပြည်ပတင်ပို့မှုပုံမှန်ရှိခြင်းတို့ကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်း အဝယ် ဖြစ်ခဲ့သည်။ ပြည်ပပို့ ဆန်ဈေးကွက်တွင်လည်း အိန္ဒိယနိုင်ငံသည် ဆန်လက်ကျန်များနေခြင်းနှင့် ရောင်းလိုအားများနေခြင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံသည် ဆန်တင်သွင်းမှုကို ပိတ်ပင်ထားခြင်းတို့ကြောင့် ကမ္ဘာ့ဆန်ဈေးများ ကျဆင်းခဲ့သည်။ ယခုနှစ်စတွင် ဖိလစ်ပိုင်နိုင်ငံသည် ဆန်ဝယ်မည်ဟု ထုတ်ပြန်ထားခြင်း၊ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းအစား ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ၏ သတ်မှတ်ချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင် ဖြေလျှော့ထားခြင်း၊ တရုတ်၊ မဒါဂတ်စကာ၊ ဘင်္ဂလားဒေ့ရှ်၊ ပိုလန်၊ဗီယက်နမ်၊ ချက်ရီပတ်ဘလစ်၊ ဖီဂျီ၊ တူရကီ၊ တီမောလက်စတီစသော နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်သို့ ဆန်ပုံမှန်တင်ပို့မှု ရှိခြင်းတို့ကြောင့် ပြည်ပပို့ဆန်ဈေးနှုန်းများ အကျသက်သာစေနိုင်ကြောင်း သိရသည်။ ပြည်တွင်း ဆန်ဈေးနှုန်းများ တည်ငြိမ်မှန်ကန်မှုရှိစေရန် စားသုံးသူများထံသို့ သင့်တင့် မျှတသောဈေးနှုန်း များဖြင့် ဆန်ကားများလည်း လှည့်လည်ရောင်းပေးလျက်ရှိပြီး ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှုပုံမှန်ရှိခဲ့ကြောင်းသိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ်တင်ပို့ချိန်နီးကပ်လာသော် လည်း ခရစ်စမတ်ပွဲနှင့် နှစ်သစ်ကူးပိတ်ရက်များရှိခဲ့ခြင်း၊ ပထဝီနိုင်ငံရေးအခြေအနေများတင်းမာ နေခြင်းကြောင့် ကမ္ဘာ့ရွှေဈေးမြင့်ကာ ဒေါ်လာငွေလဲနှုန်းများကျဆင်းနေခြင်း၊ မြန်မာပြည်တွင်း၌ လည်း ရွေးကောက်ပွဲကာလဖြစ်ခြင်းနှင့်သယ်ယူရန်အခက်အခဲများရှိခြင်းတို့ကြောင့် လှောင်လက်များမှ အစေ့ထုတ်ပြောင်းများအား ဝယ်ယူမှုနည်းခဲ့သည်။ ထို့ကြောင့် အစေ့ထုတ်ပြောင်းဈေးနှုန်း များ ဈေးငြိမ်ကာ အရောင်းအဝယ်အေးခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင်အပတ် နှင့် ယခုအပတ်ပျမ်းမျှဈေးနှုန်းမှာ ၇၇၇၆၀ ကျပ်ဖြစ်သည်။

## စားဖိုဆောင်သီးနှံဈေးကွက်

ငရုတ်စို အမှည့်များ ပြည်ပသို့ တင်ပို့ချိန်ဖြစ်ခြင်းကြောင့် ဈေးမြင့်နေခြင်း၊ ငရုတ်ခြောက် အဟောင်းများ ဈေးကွက်သို့ ကုန်အဝင်နည်းခြင်း၊ အအေးခန်းလှောင်စများလည်း ဈေးကွက်သို့ ကုန်ဝင်ရောက်မှုရှိခြင်းနှင့် အရည်အသွေးပိုမိုကောင်းမွန်ခြင်းတို့ကြောင့် ငရုတ်ခြောက် (ရှည်၊ လတ်၊ပွ) ဈေးနှုန်းများယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ငရုတ်ခြောက်(ရှည်)မှာ ပန်းရဲ၊ မြားနီ အဟောင်းစများနှင့်အအေးခန်းလှောင်စများ ကုန်ဝင်ရောက်မှုရှိခဲ့ပြီး ရှမ်းငရုတ်ခြောက်များလည်း ကုန်ဝင်ရောက်မှုရှိခဲ့သည်။ ငရုတ်ခြောက် (လတ်)မှာ ပျော်ဘွယ် မိုးထောင်တစ်မျိုးသာ ကုန်ဝင် ရောက်မှုရှိခဲ့သည်။ ငရုတ်ခြောက်(ပွ)မှာ မြစ်ဝ(ပု)၊ ဇီးပွနှင့် ဆင်ဖြူကျွန်း ငရုတ်ခြောက် ဈေးကွက်သို့ ကုန်ဝင်ရောက်မှုရှိခဲ့ကြောင်းသိရသည်။ ငရုတ်ခြောက်(ရှည်၊ လတ်၊ပွ) တစ်ပိဿာ လျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၁၇၂၅၀-၁၄၇၅၀-၂၇၇၅၀ ကျပ်သို့ ရောက်ရှိဈေးမြင့် ခဲ့ခြင်းဖြစ်သည်။ကြက်သွန်နီ(ထူး၊ လတ်၊ သေး)ဈေးနှုန်းများမှာ နွေကြက်သွန်အဟောင်းများ အရည်အသွေးနိမ့်ကာ ဈေးနိမ့်လာချိန်တွင် မိုးကြက်သွန်နီအသစ်များ ဈေးကွက်သို့ အဝင်ရှိလာခြင်း၊အရည်အသွေး၊ အရွယ်အစားလှပကောင်းမွန်ခြင်း၊ စိုက်ပျိုးထွက်ရှိရာ ဒေသမှပြည်ပသို့ တင်ပို့ မှုရှိခြင်းတို့ကြောင့်ယခင်အပတ်ထက်သိသာစွာဈေးမြင့်လာခဲ့သည်။ ကြက်သွန်နီ(ထူး၊လတ်၊သေး) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၉၀၀-၂၂၅၀-၁၆၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၃၃၀၀-၃၅၀၀-၂၁၇၅ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ရန်ကုန်ဈေးကွက်သို့ ဆိတ်ဖြူ၊ မြင်းခြံ၊ မြစ်သား၊ မိတ္ထီလာ၊ ပခုက္ကူဒေသများမှ ကြက်သွန်နီအဟောင်းအသစ်များ ကုန်ဝင်ရောက်မှုရှိခဲ့ပြီး၊ ပြည်ပတင်ပို့ရန်အဝယ်များသော ကြက်သွန်နီအလတ်စမှာ ဈေးအမြင့်ဆုံး ဖြစ်ခဲ့သည်။ကြက်သွန်ဖြူ(ကြူကုတ်)မှာ ပြည်ပမှ တင်သွင်းဈေးမြင့်ခြင်းနှင့် သယ်ယူပို့ဆောင် စရိတ်များ ဈေးမြင့်နေခြင်းတို့ကြောင့် ကုန်အဝင်များလာသော်လည်း ယခင်အပတ်ထက်ဈေးမြင့်ခဲ့ သည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ ကြူကုတ်စဈေးမြင့်နေခြင်းကြောင့် ရှမ်းစများအား ဝယ်ယူစားသုံး မှုများကာ ယခင်အပတ်ထက်သိသာစွာဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာ လျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၁၂၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၄၀၀၀ ကျပ်သို့ ရောက်ရှိ ဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ(ရှမ်း) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၅၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၈၀၀၀ ကျပ်သို့ ရောက်ရှိ ဈေးမြင့်ခဲ့သည်။ အာလူး ဈေးနှုန်းများမှာ ဈေးကွက်သို့ ဟဲဟိုးနှင့် အောင်ပန်းဒေသမှ အာလူးများ၊ တရုတ်အာလူးများ ကုန်ဝင်ရောက်မှုရှိခဲ့ပြီး တရုတ်အာလူးမှာ ဈေးငြိမ်ကာ အရောင်းအဝယ်ပုံမှန်ရှိခဲ့သည်။ ရှမ်းအာလူးများမှာ အသေးစများခြင်းနှင့် ရောင်းလိုအားများခြင်းကြောင့် အာလူး(အေဝမ်း)မှာ ဈေးနိမ့်ခဲ့သည်။ အာလူး အိုကေနှင့် အက်စ်ဝမ်းမှာမူ အရည်အသွေး၊ အရွယ်အစား လှပကောင်း မွန်ခြင်းနှင့်စားသုံးသူများမှ ဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်လာခဲ့သည်။ တရုတ်အာလူး တစ်ပိဿာလျှင် ယခင်အပတ်နှင့် ယခုအပတ်ပျမ်းမျှဈေးနှုန်းမှာ ၅၅၀၀ ကျပ်ဖြစ်သည်။ရှမ်း အာလူး (A1-OK-S1)တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၃၅၀၀-၄၀၀၀-၄၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၂၀၀-၄၂၀၀-၅၀၀၀ ကျပ်ဖြစ်သည်။

## စားသုံးဆီဈေးကွက်

စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်မှ ၁၅ ရက်အထိ ကုန်ဆုံးသောကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၁၀၀ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၄၀ ကျပ် ဈေးမြင့် လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိလက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက်များစွာမကွာသောဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင်၅၀ ကျပ်သားနှုန်း ရောင်းချပေးလျက်ရှိသည်။ အချို့သော မြို့နယ်များတွင် စားအုန်းဆီတစ်ပိဿာ၏ ပြင်ပပေါက်ဈေးမှာ ၁၀၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

**အေးသန္တာဝင်း**

## ဆန်ဈေးကွက်

ရွှေဘိုပေါ်ဆန်း၊ ရန်ကုန်ပေါ်ဆန်းများ အသစ်ဝင်ရောက်မှုရှိခြင်းကြောင့် ရန်ကုန်ပေါ်ဆန်း အသစ်တစ်အိတ် ၁၅၀၀၀၀ ကျပ် မှ ၁၄၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး ရွှေဘိုပေါ်ဆန်းမှာလည်း အဟောင်းတစ်အိတ် ၁၈၀၀၀၀ ကျပ်၊ အသစ်တစ်အိတ် ၁၅၅၀၀၀ ကျပ်ဖြင့် ရောင်းဝယ်မှုရှိသည်။ မနောသုခမှာ အသစ်ဝင်ရောက်သော်လည်း အဟောင်းလက်ကျန်များ စားသုံးမှုများခြင်းကြောင့် အသစ်တစ်အိတ် ၆၅၀၀၀ ကျပ်၊ အဟောင်းတစ်အိတ် ၈၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ငစိန်ဆန်မှာ အသစ်ဝင်ရောက်မှုများလာခြင်း၊ လုပ်ငန်းသမား၊ မုန့်သမားများ အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၅၅၀၀၀ ကျပ်မှ ၅၃၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ဧယာဆန်မှာ အဟောင်းလက်ကျန်နည်းသွားပြီး အသစ်များ ဝင်ရောက်မှုပုံမှန်ဖြစ်ခြင်း ၊ မြို့တွင်းစားသုံးမှု များခြင်းကြောင့် တစ်အိတ် ၇၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဧရာမင်းဆန်မှာ အဝင်နည်းခြင်း ၊ မြို့တွင်းစားသုံးမှုများခြင်းကြောင့် ယခင်အပတ် တစ်အိတ် ၁၃၅၀၀၀ ကျပ် မှ ယခုအပတ် ၁၅၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ သယ်ယူပို့ဆောင်ခအနေဖြင့် ဆန်အိတ် အနည်းအများပေါ်မူတည် ၍ ရန်ကုန်မှ မန္တလေး ၆၀၀၀ ကျပ်၊ ရွှေဘို မှ မန္တလေး ၆၀၀၀ ကျပ်၊ နေပြည်တော်-မန္တလေး ၃၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဆီထွက်သီးနှံဈေးကွက်

မြေပဲ(လုံးဆန်)ဈေးနှုန်းမှာ အသစ်အဝင်ရှိခြင်း၊ အရည်အသွေးကောင်းခြင်း ၊ လှော်သမား ၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၁၀၀ ပိဿာ ၈၇၀၀၀၀ ကျပ် မှ ၉၅၀၀၀၀ ကျပ်ထိ ဈေးမြင့်သွားပြီး မြေပဲ(ဆီဆန်)မှာလည်း ဆီစက်သမားအဝယ်များခြင်း၊ အဝင်နည်းခြင်းကြောင့် ၁၀၀ ပိဿာ အရည်အသွေးပေါ်မူတည်၍ ၈၈၀၀၀၀ ကျပ် မှ ၉၀၀၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ နှမ်းမျိုးစုံဈေးနှုန်းများအနေဖြင့် ဆောင်းနှမ်းအသစ်များ ဝင်ရောက်မှုရှိခြင်း ၊ လုပ်ငန်းသမား ၊ လှော်လက်များဝယ်ယူမှုရှိခြင်းကြောင့် နှမ်းဖြူ(သစ်) ၃တင်း တစ်အိတ် ၃၁၀၀၀၀ ကျပ် သို့ ဈေးမြင့်သွားပြီး နှမ်းညို (သစ်)များမှာလည်း ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်း ၊ အသစ်အဝင်နည်းခြင်းကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၂၆၅၀၀၀ကျပ်မှ ယခုအပတ် ၃၁၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။နှမ်းနက်(စမုံ)မှာ အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်အေးခြင်းကြောင့် ၃တင်းတစ်အိတ် ၇၄၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ဆောင်းနှမ်းနက်မှာလည်း အသစ်အဝင်နည်းခြင်းကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၅၁၀၀၀၀ ကျပ် မှ ၅၄၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ပန်းနှမ်းဈေးနှုန်းအနေဖြင့် အသစ်အဝင်နည်းသဖြင့် ဈေးမြင့်ခြင်းကြောင့် အရောင်းအဝယ် အေးပြီး ၃တင်းတစ်အိတ် ၂၈၅၀၀၀ ကျပ်ဖြင့်ဈေးတည်ငြိမ်နေသည်။ နေကြာမှာ ဆောင်းနေကြာအသစ်များ ဝင်ရောက်မှုရှိခြင်း ၊ အထွက်နည်းအဝင်နည်း ဈေးမြင့်ခြင်းကြောင့် အရောင်းအဝယ်အေးပြီး ၂၇ ပိဿာ ၂၁၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံဈေးကွက်

ငရုတ်ခြောက်(ရှည်)မှာ လှောင်လက်ထံမှ ဝယ်ရခြင်းကြောင့် တစ်ပိဿာ ၁၆၀၀၀ ကျပ် မှ ၁၈၀၀၀ ကျပ် ၊ ငရုတ်ခြောက်(လတ်)မှာ ၁၉၀၀၀ ကျပ် မှ ၂၁၀၀၀ ကျပ် သို့ ဈေးမြင့်သွားပြီး ငရုတ်ခြောက်(ပွ)မှာ ဧရာဝတီတိုင်းမှ အပွသီးများဖြစ်ပြီး အဝင်နည်းခြင်းကြောင့် တစ်ပိဿာ ၃၃၀၀၀ ကျပ် မှ ၃၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ကြက်သွန်နီ မြစ်သားဘက်မှ အသစ်များ ဝင်ရောက်မှုရှိပြီး အဝင်နည်းခြင်း ၊ အရည်အသွေးကောင်းခြင်းကြောင့် ကြီး တစ်ပိဿာ ၃၈၀၀ ကျပ် ၊ လတ် တစ်ပိဿာ ၃၅၀၀ ကျပ် ၊ သေး တစ်ပိဿာ ၁၀၀၀ ကျပ်မှ ၂၅၀၀ ကျပ်ထိ ဈေးမြင့်သွားသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ အောင်ပန်း ဘက်မှ ဝင်ရောက်ခြင်း ၊ ကြက်သွန်ဖြူ (မြန်မာ) မဝင်သေးခြင်း ၊ ကြက်သွန်ဖြူ(တရုတ်)ဈေးမြင့်ခြင်းကြောင့် မြို့တွင်းသုံးစွဲရန် ဝယ်ယူမှုများပြီး အရည်အသွေးအညံ့ဆုံး တစ်ပိဿာ ၃၀၀၀ ကျပ် မှ ၄၀၀၀ ကျပ် ၊ အရည်အသွေးအကောင်းဆုံး ၆၀၀၀ ကျပ် မှ ၇၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ အာလူးများ အောင်ပန်းဘက်မှ အဝင်နည်းခြင်း ၊ မြို့တွင်းသုံးအဝယ်များခြင်းကြောင့် အိုကေ တစ်ပိဿာ ယခင်အပတ် ၄၅၀၀ ကျပ် မှ ၅၈၀၀ ကျပ် ၊ အေဝမ်းတစ်ပိဿာ ၄၂၀၀ ကျပ်မှ ၅၂၀၀ ကျပ် ၊ ဆွဲတစ်ပိဿာ ၄၅၀၀ ကျပ် သို့ ဈေးမြင့်သွားသည်။

## ပဲမျိုးစုံဈေးကွက်

မတ်ပဲဈေးနှုန်းမှာ လက်ကျန်အဟောင်း နှင့် အသစ်နှစ်မျိုးလုံးတွေ့ရပြီး အသစ်အဝင်နည်း သေးခြင်းကြောင့် အသစ်တစ်အိတ် ၂၃၈၀၀၀ ကျပ် မှ ၂၅၄၀၀၀ ကျပ်သို့ဈေးမြင့်သွားပြီး အဟောင်းမှာလည်း လက်ကျန်နည်းခြင်းကြောင့် တစ်အိတ် ၂၅၀၀၀၀ ကျပ်မှ ၂၆၀၀၀၀ ကျပ်သို့ဈေးမြင့်သွားသည်။ ပဲတီစိမ်း(အညာ)မှာ ဆောင်းပဲအဝင်ရှိခြင်း၊ ပဲခွဲစက်များ ပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၃၁၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာ စစ်ကိုင်း အထက်ပိုင်းမှ အသစ်များ အဝင်ရှိသော်လည်း ရန်ကုန်သို့ တိုက်ရိုက်တင်ပို့သဖြင့် အဝင်နည်းခြင်း ၊ ပဲခွဲစက်များ ဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ပဲစဉ်းငုံ(နီ) ၃တင်းတစ်အိတ် ၂၄၁၀၀၀ ကျပ် မှ ၂၆၂၀၀၀ ကျပ်သို့ဈေးမြင့်သွားပြီး ပဲစဉ်းငုံ(ဖြူ)မှာ ၂၂၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲပုတ်(ရှမ်း/မြန်မာ)တို့မှာ ဆောင်းပဲပုတ်မဝင်သေးခြင်း ၊ မိုးပဲပုတ်အထွက်နည်း ၊ အဝင်နည်းခဲ့ခြင်းကြောင့် ပဲပုတ်(မြန်မာ) ၃တင်း တစ်အိတ် ၃၂၀၀၀၀ ကျပ် ဖြင့်ဈေးတည်ငြိမ်နေပြီး ပဲပုတ်(ရှမ်း)မှာ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်း ၊ အသစ်မဝင်သေးခြင်းကြောင့် ယခင်အပတ် ၂၈၀၀၀၀ ကျပ်မှ ယခုအပတ် ၃၁၈၀၀၀ကျပ် သို့ ဈေးမြင့်သွားသည်။ ကုလားပဲ(လုံးဖြူကြီး)မှာ ဆောင်းစိုက်များ ဝင်ချိန်နီးသဖြင့် လှောင်လက်ထုတ်ရောင်းမှုရှိခြင်း၊ လုပ်ငန်းသမား အကြော်လှော်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ယခင်အပတ် ၃ တင်း တစ်အိတ် ၂၃၀၀၀၀ ကျပ် မှ ၂၃၅၀၀၀ ကျပ် သို့ဈေးမြင့်သွားပြီး ကုလားပဲ(လုံးဝါကြီး)မှာ ပဲစိုများပေါ်ချိန်ဖြစ်ခြင်း ၊ အလှူပွဲများ ဝယ်ယူမှုနည်းခြင်းကြောင့် ခွဲခြမ်း လက်ကျန်များပြီး ပဲခွဲစက်များ အဝယ်နည်း ခြင်းကြောင့် ယခင်အပတ် ၂၂၂၀၀၀ ကျပ် မှ ၂၁၈၀၀၀ ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။ခွဲခြမ်းမှာလည်း အရောင်းအဝယ်အေးခြင်းကြောင့် တစ်ပိဿာ ၅၅၈၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မြေထောက်ပဲ ၊ ပဲယင်း ၊ စားတော်ပဲ(ကျွန်း)တို့မှာ အသစ်များဝင်ရောက်မှုရှိခြင်း ၊ ပဲခွဲစက်များ ၊ လက်လီသမား ၊ အကြော်လှော်သမားများ အဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲယင်းကြီး ၃ တင်းတစ်အိတ် ၂၁၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး မြေထောက်ပဲမှာ ၂၆၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။စားတော်ပဲ(ကျွန်း)မှာ အဝင်နည်းခြင်း၊ အရည်အသွေးညံ့ခြင်းကြောင့် အရောင်းအဝယ်အေးပြီး ၃ တင်းတစ်အိတ် ယခင်အပတ်ဈေးနှုန်းအတိုင်း ၇၅၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲကြီး(ကြီး)မှာ ဆောင်းပဲများ ဝင်ရောက်မှုရှိခြင်း ၊ လုပ်ငန်းသမား အကြော်လှော် သမားများ အဝယ်နည်းခြင်းကြောင့် ယခင်အပတ် ၆၀၀၀၀၀ ကျပ်မှ ၅၈၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး ပဲကြီး(သေး) မှာ အဝင်ပုံမှန် ၊ လက်လီသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် အရည်အသွေး အကောင်းဆုံး ၄၅၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။ထောပတ်ပဲ(ကြီး)မှာ ဆောင်းပဲ မဝင်သေးခြင်း ၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၄၀၀၀၀ ကျပ် မှ ၂၅၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ထောပတ်ပဲ(သေး)မှာ အသစ်မဝင်သေးခြင်း ၊ လက်လီသမားအ ဝယ်ပုံမှန် ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၁၉၅၀၀၀ ကျပ် မှ ၂၁၅၀၀၀ ကျပ် သို့ ဈေးမြင့်သွားသည်။

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကာထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၂-၁-၂၀၂၆ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံဈေးကွက်

ငရုတ်စို(ရှည်)များ မုံရွာ ၊ချောင်းဦးမှ အဝင်နည်းခြင်း ၊ မြို့တွင်းလုပ်ငန်းသမား အဝယ်နည်းခြင်းကြောင့် တစ်ပိဿာ ၄၀၀၀ ကျပ် ၊ ငရုတ်စို(လတ်) တစ်ပိဿာ ၅၀၀၀ ကျပ်ဖြင့် လက်ဖက် နှင့် ငပိထောင်းသမားများ ဝယ်ယူမှုပုံမှန်ရှိနေသည်။ခရမ်းချဉ် (ရှမ်း/တောင်)များ အဝင်နည်းပစ္စည်းရှားသွားခြင်းကြောင့် ၂၀ ပိဿာ တစ်သေတ္တာ ၁၃၀၀၀၀ ကျပ်ထိ ဈေးမြင့်သွားသည်။ မုံရွာမှ တရုတ်(တိုင်ပေ)သီးများလည်း စတင်ဝင်ရောက်ပြီး အရည်အသွေး ကောင်းခြင်းကြောင့် တစ်ပိဿာ ၅၀၀၀ ကျပ်မှ ၆၀၀၀ ကျပ်ဖြင့် မြို့တွင်းသုံးအပြင် ပြင်ဦးလွင်သို့ တင်ပို့မှုရှိသည်။ဆောင်းတွင်းကာလဖြစ်၍ ပန်းမုံလာများအဝင်များပြီး တစ်ပွင့် ၁၀၀၀ ကျပ် ၊ ဂေါ်ဖီတစ်ထုပ် ၂၅၀၀ ကျပ် ၊ ဘိုစားပဲတစ်ပိဿာ ၅၀၀၀ ကျပ်ဖြင့် စားသောက်ဆိုင်များ ပုံမှန်ဝယ်ယူမှုရှိသည်။ မုံရွာ ၊ ချောင်းဦးမှ ဖရဲသီးများ လှိုင်လှိုင်ဝင်ရောက်ပြီး အရည်အသွေး

စာ-၁၅ သို့

# သဘာဝကပေး အစာနှင့်ဆေး

# ပဲနံ့သာပင်

ပဲနံ့ သာ ဟူ သ ည် မှာ လေးညှင်းပွင့်နှင့်တူသော ဆေးဖက်ဝင်အပင်တဖြစ်လဲ ဟင်းခတ်အမွှေး အကြိုင်ပင် တစ်မျိုး ဖြစ်၏။ ယင်း၏ မေပယ်ရည်ကဲ့သို့ မွှေးရနံ့နှင့်အတူ အခွံမာသီးကဲ့သို့အနည်းငယ်ခါးသက်သော အရသာကြောင့် လူသိများပြီး အိန္ဒိယဟင်းလျာများ၊ အာလူးမီသီကဲ့သို့သော ဟင်းလျာများ၊ သရက်သီး၊ သံပရာသီးသနပ်ကဲ့သို့သော အချဉ်တည်ခြင်းများတွင် ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြ၏။ ကမ္ဘာတစ်ဝန်းတွင် မရှိမဖြစ်လိုအပ်သော ဟင်းခတ်အမွှေးအကြိုင်အဖြစ်နှင့် နှစ်ပေါင်းထောင်ချီကြာ ရိုးရာတိုင်းရင်းဆေးတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသည့် ထင်ရှားသော သမိုင်းကြောင်းရှိ၏။

ပဲနံ့သာပင်ကို မေထီပင်၊ မီသီပင် Methi ဟု လူသိများပြီး အင်္ဂလိပ်အမည်မှာ fenugreek ဟု ခေါ်ဆိုကြသကဲ့ သို့ greek hay နှင့် greek clover ဟုလည်း ခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Trigonella foenum-graecum ဟု ခေါ်ဆိုပြီး ပဲမျိုးရင်းဝင် Fabaceae တွင် ပါဝင်၏။ ပဲနံ့သာပင်၏ မူလဖြစ်ထွန်းရာဒေသမှာ ဥရောပ အရှေ့တောင်ဒေသ၊ မြောက်အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် အိန္ဒိယတိုက်ငယ်တို့တွင် စတင်ဖြစ်ထွန်းသော်လည်း ရှေး ခေ တ် ကာ လ က တ ည်း က ပဲနံ့သာပင်ကို စိုက်ပျိုးခဲ့မှုကြောင့် ၎င်း၏ သဘာဝအလျောက် မူလအစကို အတိအကျ သိရှိနိုင်ရန် မလွယ်ကူ လှပေ။ ပဲနံ့သာပင်သည် အလွန်ရှေးကျသော အပင်တစ်မျိုးဖြစ်ပြီး အထက်ပါဒေသများတွင် ထောင်စုနှစ်များစွာ ကတည်းက စိုက်ပျိုးခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှု အစားအစာများ ပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ရိုးရာတိုင်းရင်းဆေး ပညာတွင် အသုံးပြုခဲ့သည်ကို အစောပိုင်းမှတ်တမ်းများအရ သိရှိရ၏။ ဘီစီ ၄၀၀၀ ကတည်းက ပဲနံ့သာပင်ကို စိုက်ပျိုး ခဲ့ပြီး အီဂျစ်သင်္ချိုင်းများတွင် အစေ့များကို တွေ့ရှိခဲ့ကြပြီး ရောမနှင့် ဂရိလူမျိုးများက အသုံးပြုခဲ့ကြသည်ဆို၏။ ယခုအခါ ကမ္ဘာတစ်ဝှမ်းတွင် ပဲနံ့သာပင်ကို စိုက်ပျိုးလာကြပြီး အိန္ဒိယသည် အကြီးဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်လာကာ အိန္ဒိယ၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကနိုင်ငံများ၏ အစားအစာများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြ၏။



ပဲနံ့သာပင်သည် အပင်အမြင့် ၄၀ မှ ၈၀ စင်တီမီတာအထိ ကြီးထွားမြင့်မားနိုင်ပြီး တစ်ခါတစ်ရံ အကိုင်းအခက်များ ဖြာထွက်သည့် တစ်နှစ်ခံအပင်မျိုးဖြစ်၏။ အရွက်များသည် အရွက်သုံးရွက်ရှိပြီး အစိမ်းရောင်ဖျော့ဖျော့ရှိကာ တစ်လှည့်စီထွက်၏။ အရွက်များသည် ဘဲဥပုံဖြစ်ပြီး ၅ စင်တီမီတာရှည်ကာ အောက်ဘက်မျက်နှာပြင်တွင် အမွေးများရှိ၏။ ပန်းပွင့်များသည် အဖြူရောင်၊ သံပုရာဝါရောင် သို့မဟုတ် ခရမ်းရောင်ပြာရောင်ရှိပြီး အရွက်၏ အရင်း ပိုင်းမှ ဖူးပွင့်လာ၏။ အသီးများသည် ၂ မှ ၁၀ စင်တီမီတာထိအရှည်ရှိပြီး ပါးလွှာကာ ချွန်ထက်ပြီး ဖြောင့်တန်းသော ပုံသဏ္ဌာန် သို့မဟုတ် တံစဉ်ပုံသဏ္ဌာန်အနည်းငယ် ကွေးကောက်သော အသီးတောင့်များ ဖြစ်ပေါ်လာပြီး အစေ့ ၁၀ မှ ၂၀ ခန့် ပါရှိ၏။ အစေ့များသည် ၆ မှ ၈ မီလီမီတာရှည်ပြီး ဘဲဥပုံ သို့မဟုတ် စတုရန်းပုံသဏ္ဌာန်ဖြစ်ကာ အစိမ်းရောင်၊ သံလွင်စိမ်းရောင် သို့မဟုတ် အညိုရောင်ရှိပြီး အနံ့ပြင်း၏။

ပဲနံ့သာစေ့ ၁၀၀ ဂရမ်တွင် အစာစွမ်းအင် ၃၂၃ ကယ်လိုရီခန့်၊ ပရိုတင်း ၂၃ ဂရမ်၊ အမျှင်ဓာတ်မြင့်မားစွာ ပါဝင်သည့် ကာဗိုဟိုက်ဒရိတ် ၅၈ ဂရမ်၊ အဆီ ၆ ဒသမ၄ ဂရမ်နှင့် ရေ



ဓာတ်တို့ပါဝင်ပြီး သံဓာတ်၊ မဂ္ဂနီဆီယမ်၊ ကယ်လ်စီယမ်၊ ဖော့စ်ဖရပ်စ်၊ ဇင့်နှင့် ပိုတက်စီယမ်ကဲ့သို့သော သတ္တုဓာတ်များပါဝင်၏။ ထို့အပြင် ဗီတာမင်ဘီဝမ်း၊ ဘီတူး၊ ဘီသရီးနှင့် ဘီစစ်တို့အပြင် ဗီတာမင်စီလည်း ကြွယ်ဝစွာပါဝင်၏။

ပဲနံ့သာပင်ပေါက် (Microgreen plant) ကို မေထီ (သို့မဟုတ်) မီသီ ဟု လူသိများပြီး ယင်း ၁၀၀ ဂရမ်တွင် အစာစွမ်းအင် ၃၅ မှ ၄၉ ကယ်လိုရီခန့်၊ ပရိုတင်း ၄ မှ ၄ ဒသမ၈ ဂရမ်ခန့်၊ ကာဗိုဟိုက်ဒရိတ် ၆ မှ ၇ ဂရမ်ခန့်၊ အမျှင်ဓာတ် သည် ၃ မှ ၃ ဒသမ ၆ ဂရမ်ခန့်နှင့်အတူ အဆီဓာတ် သုည ဒသမ ၉ ဂရမ်ခန့်တို့ ပါဝင်၏။ သတ္တုဓာတ်များအနေဖြင့် ခန္ဓာကိုယ် အရိုး၊ သွေးနှင့် အရည်မျှတမှုအတွက် မရှိမဖြစ်လိုအပ်သော သံဓာတ်၊ ကယ်လ်စီယမ်၊ ပိုတက်စီယမ်၊ မဂ္ဂနီ ဆီယမ်၊ ဖော့စဖရပ်စ်နှင့် ဇင့်တို့ ကြွယ်ဝစွာ ပါဝင်၏။ ဗီတာမင်များအနေဖြင့် အမြင်အာရုံအတွက် ဗီတာမင်အေ၊ ဗီတာမင်ဘီ၊ ဘီတူးနှင့် ဘီသရီးတို့နှင့်ကိုယ်ခံစွမ်းအားအတွက် ဗီတာမင်စီတို့ ကြွယ်ဝစွာ ပါဝင်၏။ ထို့အပြင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်သည့် ဖီနောလစ်အက်ဆစ်များလည်း ကြွယ်ဝစွာပါဝင်၏။

- ပဲနံ့သာစေ့နှင့် အပင်ပေါက်တွင် ပါဝင်သည့်အမျှင်ဓာတ်သည် အူလမ်းကြောင်းကျန်းမာရေးနှင့် ပုံမှန်လည်ပတ်မှုကို အထောက်အကူပြုခြင်း၊ အစာခြေစနစ်ကို အထောက်အကူပြုခြင်း၊ အစာစားချင်စိတ်ကို ထိန်းချုပ်နိုင်ခြင်း၊ သွေးတွင်းသကြားဓာတ်ကို ပိုမိုကောင်းမွန် အောင်ထိန်းချုပ်နိုင်စေပြီး ဆီးချိုရောဂါ ဖြစ်စေမှုကို ထိန်းချုပ်ပေးနိုင်စွမ်း ရှိ၏။
- ပိုတက်စီယမ်သည် သွေးအတွင်းရှိ မ ကောင်း သော ကို လ က် စ ထ ရော များကို လျှော့ချပေးခြင်းနှင့် သွေးပေါင်ချိန်ကို မျှခြေဖြစ်စေရန် ကူညီပေး၏။
- ပဲနံ့သာစေ့တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် ထရိုင်ဂိုနယ်လင်းကဲ့သို့သော ဒြပ်ပေါင်းများ ပါဝင်ခြင်းကြောင့် ကိုယ်တွင်းရောင်ရမ်းနာကျင်ခြင်း၊ အဆစ်အမြစ်နာကျင်ခြင်းနှင့် အမျိုးသမီးများ ဓမ္မတာလာစဉ်နာကျင်ကိုက်ခဲခြင်း တို့ကို ဆန့်ကျင်နိုင်စွမ်း၊ ကြွက်သားများကို ကျန်းမာစေခြင်း၊ အာရုံကြောစနစ်ကို အားကောင်းစေခြင်းတို့ကို အထောက်အကူပြု၏။
- ပဲနံ့သာစေ့တွင် ပါဝင်သည့် တက်စတိုစတီရုန်းသည် ကျားဟော်မုန်းပမာဏကို မြင့်တက်စေပြီး ကာမအားကို တိုးပွားစေသည့်အတွက် အိမ်ထောင်ရှင် အမျိုးသားများ မျိုး ဆ က် ပွား မှု ကျ န်း မာ ရေး ကို အထောက်အကူပြုစေ၏။
- ပဲနံ့သာစေ့သည် နို့တိုက်မိခင်များ နို့ ထွ က် အား ကော င်း စေ ရ န် အထောက်အကူပြု၏။
- ပဲနံ့သာစေ့နှင့် အပင်ပေါက်တို့တွင် အ င် တီ အော က် ဆီး ဒ င့် များ နှ င့် ဗီတာမင်စီတို့ ကြွယ်ဝစွာပါဝင်ခြင်းကြောင့် အရေပြားကျန်းမာစေခြင်း၊



ကော်လာဂျင်ကိုအထောက်အကူပြုသည့်အတွက် ဆံပင်ကျွတ်ခြင်းကို လျှော့ကျစေနိုင် ၏။

အိမ်တိုင်း၏ စားဖိုဆောင်တွင် ပဲနံ့သာစေ့နှင့် ပဲနံ့သာပင်ပေါက်ကို ဟင်းလျာများ စီမံချက်ပြုတ်သည့်အခါတိုင်း ဟင်းခတ်အမွှေးအကြိုင်အဖြစ်လည်း ထည့်သွင်းအသုံးပြုလေ့ရှိတတ်ကြ၏။
- အသားငါးဟင်းလျာများချက်ပြုတ်ရာတွင် မွှေးကြိုင်သောဟင်းရနံ့ရစေရန် ထည့်သွင်းအသုံးပြုရသော မဆလာမှုန့် ပြုလုပ်သည့်အခါ ထည့်သွင်းရသည့်ပါဝင်ပစ္စည်းများထဲတွင် နံနံစေ့၊ ဇီယာစေ့၊ ဖာလာစေ့၊ လေးညှင်းပွင့်၊ ငရုတ် ကောင်းနှင့် သစ်ကြံပိုးခေါက်၊ နနွင်း၊ ကရဝေးရွက်နှင့် စမုန်ဖြူမှုန့်တို့ အပါအဝင် ပဲနံ့သာစေ့လည်းပါဝင်၏။
- လတ်ဆတ်သော မေထီရွက်များကို အာလူးနှင့်အတူ ရောကြော်ထား

စာ-၁၅ သို့



ကြေးမုံငယ်

ကျောဖုံးမှ-
သွေး ရ ည် ကြ ည် န မူ နာ များ ကို စစ်ဆေးပြီး ဝက်များ၏ ရောဂါ ခုခံအားအခြေအနေနှင့် ရောဂါဝင် ရောက်ခဲ့ခြင်းရှိ/မရှိ တို့ကို သိရှိနိုင်ပါသည်။

**အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ကုသခြင်း**

ဝက်များတွင် ဝမ်းလျှောခြင်း၊ အန်ခြင်း၊ မှိုင်ပြီး အစာမစားခြင်းတို့ကို တွေ့ရှိပါက တိရစ္ဆာန်ဆေးကု ဆရာဝန်ကို အမြန်ဆုံးခေါ်ယူကာ ကုသသင့်ပါသည်။ ခြံတွင်ဖြစ်ပွား လေ့ရှိသော ရောဂါများ၊ ခြံရှိဝက် ကောင်ရေ၊ ရောဂါလက္ခဏာ စတင်ပြသသည့်အချိန်၊ နေမကောင်းသည့် ဝက်ကောင်ရေ၊ သေဆုံးဝက်ကောင် ရေစသည်တို့ကို တိရစ္ဆာန်ဆေးကု ဆရာဝန်အား တိကျစွာ ပြောပြရပါမည်။ တိရစ္ဆာန်ဆေးကုဆရာဝန်၏ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာ၍ အချိန်မှန် ဆေးတိုက်ခြင်း၊ ခြံသန့်ရှင်းရေးပုံမှန်ပြုလုပ်ခြင်း၊ နေမကောင်းသည့် ဝက်များကို သပ်သပ်စီခွဲထားခြင်း၊ ကာကွယ်ဆေးပုံမှန်ထိုးခြင်း စသည်တို့ကို ပြုလုပ်ရပါမည်။

ဝမ်းလျှောသည့်ဝက်များသည် ခန္ဓာကိုယ်တွင်း ရေဓာတ်ခမ်းခြောက်ခြင်းကြောင့် သေဆုံးနိုင်သဖြင့် သောက်ရေနှင့် ဓာတ်ဆားရည်များကို လုံလောက်စွာ တိုက်ကျွေးရပါမည်။ နွေးထွေးသော ပတ်ဝန်းကျင်တွင် ထားရှိပြီး အူရောင်နေပါက အစာတောင့်များကို မကျွေးသင့်ပါ။ ဝမ်းလျှောရောဂါ ဖြစ်ပွားနေသောဝက်ကို သီးသန့်ခွဲထားရပါမည်။ ရောဂါပိုးအမျိုးအစားကို လိုက်၍ ဘက်တီးယားပိုး ဖြစ်ပါက ပဋိဇီဝဆေးဖြင့် ကုသပေးခြင်း၊ ဗိုင်းရပ်စ်ရောဂါကို ကာကွယ်ရန် ကာကွယ်ဆေးပေးခြင်းနှင့် ကပ်ပါးကောင်ဖြစ်ပါက သံချဆေးပေးခြင်း တို့ကို တိရစ္ဆာန်ဆေးကု ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရပါမည်။ မိမိသဘောဖြင့် ဝက်များကို ပဋိဇီဝဆေးတိုက်ကျွေးခြင်း မပြုလုပ်ရပါ။ ပဋိဇီဝဆေးများကို တိရစ္ဆာန်ဆေးကုဆရာဝန်၏ ညွှန်ကြားချက်မပါဘဲ စနစ်တကျ အသုံးမပြုပါက ဝက်များတွင် ပဋိဇီဝဆေးယဉ်ပါးခြင်း၊ လူများတွင်လည်း ပဋိဇီဝဆေးမတိုးတော့သည့် ရောဂါများ ဖြစ်ပွားလာနိုင်ခြင်း၊ ဝက်၏ ခန္ဓာကိုယ်တွင်းတွင် ပဋိဇီဝဆေးကြွင်းဆေးကျန်များရှိနိုင်ပြီး ထိုဝက် အသားကို စားသုံးမိသော လူများတွင် ပဋိဇီဝဆေးယဉ်ပါးလာခြင်း၊ လူများတွင် ကင်ဆာရောဂါ ဖြစ်ပွားလာနိုင်ချေမြင့်မားလာခြင်းနှင့် ဓာတ်မတည့်ခြင်းများ စသည့် အန္တရာယ်များ ဖြစ်လာနိုင် ပါသည်။

**ရောဂါကာကွယ်ထိန်းချုပ်ခြင်း**

ဝက်များတွင် ဖြစ်ပွားသော ကူးစက်ရောဂါများကို ကောင်းစွာ ကာကွယ်ထိန်းချုပ်ရန် ဝက်မွေးမြူသူများအနေဖြင့် မိမိတို့ခြံ၏ ဇီဝလုံခြုံမှုကို အောက်ပါအတိုင်း အထူးအလေးထား ဆောင်ရွက်ရပါမည်။

(က) ဝက်ခြံကို သန့်ရှင်းစွာထား ခြင်း။
(ခ) ခြံအတွင်းရှိရေမြောင်းများကို ရေစီးရေလာကောင်းအောင် ဆောင်ရွက်ထားရှိခြင်း၊ ဝက်ချေးနှင့် စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်စေခြင်း။
(ဂ) ဝက်များအတွက် သင့်တော်သော မြေနေရာအကျယ်အဝန်း ထားရှိခြင်း။
(ဃ) နွေရာသီတွင် ဝက်များ အပူဒဏ်လျော့ကျစေရန် လွတ်ကွင်းများ၊ ဝက်လူးကန်များထားရှိ စေခြင်းနှင့် အရိပ်ရသစ်ပင်များ စိုက်ပျိုးထားခြင်း။
(င) ခြံကို သေချာစွာ ကာရံထားခြင်း။
(စ) ဝက်ခြံအဝင်ပေါက်တိုင်းတွင် ပိုးသတ်ဆေးရေ ထည့်ထားသော ကန်နှင့် ထုံးကန်များထားရှိပြီး ခြံအတွင်းသို့ ဝင်သူတိုင်းကို ထိုကန်များဖြတ်စေပြီးမှသာ ခြံအတွင်းသို့ ဝင်စေခြင်း၊ ခြံတွင်းစီးဖိနပ် သီးသန့်ထားရှိခြင်း။
(ဆ) ခြံနှင့်ပတ်သတ်သော မှတ်တမ်းများထားရှိခြင်း။
(ဇ) ခြံအတွင်းသို့ လူဝင်လူထွက်နှင့် ယာဉ်အသွားအလာကို ကန့်သတ်ထိန်းချုပ်ခြင်း။
(ဈ) ခြံလုပ်သားများ ပြင်ပမှ ဝက်သားကို ဝယ်ယူစား သောက်မှုကို ခွင့်မပြုခြင်း။
(ည) ဝက်သိုးများကို ပြင်ပမှ ငှားရမ်းခြင်းမပြုဘဲ ရောဂါကင်းသော ဝက်သိုးကို ရွေးချယ်မွေးမြူခြင်း၊ AI နည်းဖြင့် သားစပ်ပါက အသုံးပြုသည့် ကိရိယာ ပစ္စည်းများကို စနစ်တကျပိုးသတ်ခြင်း။
(ဋ) ပြင်ပမှ ဝက်များဝယ်ယူပါက သီးသန့်ခြံတွင် (၈)ပတ်ကြာ စောင့်ကြည့်ခြင်း။
(ဌ) နေမကောင်းသည့်ဝက်များကို ချက်ချင်းခွဲထုတ်ကာ စောင့်ကြည့်ကုသပေးခြင်း။
(ဍ) တိရစ္ဆာန်ဆေးကုဆရာဝန် ညွှန်ကြားချက်ဖြင့် ကာကွယ်ဆေးများ ပုံမှန်ထိုးခြင်း နှင့် သံချဆေးများ ကို ပုံမှန်တိုက်ကျွေးခြင်း။
(ဏ) ဝက်များကို အစာနှင့်ရေ လုံလောက်စွာကျွေးမွေးခြင်း စသည်တို့ကို ဆောင်ရွက်ရပါမည်။

အကယ်၍ ဝက်များ အစုလိုက် အပြုံလိုက် ရောဂါဖြစ်ပွားပြီး သေဆုံးပါက နီးစပ်ရာ မြို့နယ်များရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အ မြ န် ဆုံး အ ကြော င်း ကြား ကာ ရောဂါထိန်းချုပ်ရေးတွင် ပါဝင် ဆောင်ရွက်သင့်ပါသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အခါအား လျော်စွာ ထုတ်ပြန်ကြေငြာ သော ရောဂါကာကွယ်ရေး လုပ်ငန်းစဉ်များကို ဖတ်ရှုပြီး တိကျစွာ လိုက်နာ ဆောင်ရွက်ရပါမည်။ ဝက်မွေးမြူသူများ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ မွေးမြူရေးပညာရှင်များနှင့် သုတေသီများ အတူတကွ ပူးပေါင်းဆောင်ရွက်မှသာ ကျန်းမာပြီး အသားတိုးနှုန်းကောင်းမွန်သော ဝက်များကို မွေးမြူလာနိုင်မည်ဖြစ်သည့်အပြင် ဝက်အသားထုတ်လုပ်မှု ပိုမိုမြင့်မားလာမည် ဖြစ်ပါသည်။ ထို့အတူ မြန်မာနိုင်ငံ၏ ဝက်မွေးမြူရေးလုပ်ငန်းသည်လည်း စဉ်ဆက်မပြတ် ပိုမိုဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်ပါသည်။

**ဒေါက်တာဥမ္မာမြင့်**

စာ-၁၄ မှ
သောဟင်းများ၊ အရည်သောက်ဟင်းများနှင့် ချာပါတီတို့ချက်ပြုတ်ပြင်ဆင်ရာတွင် အသုံးပြုကြ၏။
- ပဲနံ့သာပင်ပေါက်များကို အသုပ်များ သုပ်စားခြင်း၊ ဟင်းရည်သောက်များတွင် ထည့်သွင်းချက်ပြုတ်ခြင်း၊ အကြော်များတွင် ထည့်သွင်းချက်ပြုတ်ခြင်းများ ပြုလုပ်စားသုံးကြ၏။
- အခြောက်လှန်းထားသော ပဲနံ့သာရွက်များ (Kasuri Methi) ကို မုန့်နှင့် ဟင်းလျာများတွင်ထည့်သွင်း ချက်ပြုတ်လျှင် အလွန်ကောင်းမွန်၏။
- ပဲနံ့သာစေ့ရေနွေးကြမ်းပြုလုပ်ရန် အတွက် အိုးတစ်လုံးထဲ ရေ ၂ ခွက်ထည့်ပြီး ရေဆေးထားသော ပဲစေ့ လက်ဖက်စား ဇွန်း ၁ ဇွန်းခန့်ကို မီးအသင့်အတင့်ဖြင့် ၁၀ မိနစ်မှ ၂၀ မိနစ်ခန့် ပြုတ်ပြီးနောက် အရည်စစ်ယူထားပါ။ သောက်ခါနီးအချိန်တွင်





အရသာအတွက် ပျားရည်၊ သံပုရာသီး သို့မဟုတ် နှံ့ ရောစပ်ပြီး အပူ/ အအေး စိတ်ကြိုက် သောက်သုံးနိုင်၏။

သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ပဲနံ့သာပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ရာသီချိန်ခါနှင့်အညီ ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံအတွက် ဂေဟစနစ် ကောင်းမွန်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများကို ထိန်းသိမ်းရေးနှင့် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းစေနိုင်မည် ဖြစ်၏။

**ကြေးမုံငယ်**

စာ-၁၃ မှ
ပေါ်မူတည်၍ တစ်လုံး ၂၀၀၀ ကျပ် မှ ၆၀၀၀ ကျပ်၊ သခွားမွှေးတစ်လုံး ၃၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်ဖြင့် မြို့တွင်းသစ်သီးဆိုင်များ ဝယ်ယူမှုပုံမှန်ရှိနေသည်။ သီပေါဘက်မှ လိမ္မော်သီးအရည်အသွေးစုံဝင်ရောက်ပြီး ၁၀၀ ပိဿာ ၄၀၀၀၀၀ ကျပ် မှ ၈၀၀၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ တရုတ်စပျစ်သီး ၇ ပိဿာ တစ်ဖာ ၂၅၀၀၀၀ ကျပ် ၊ မြန်မာစပျစ် တစ်ပိဿာ ၃၀၀၀၀ ကျပ်၊ ထောပတ်သီး ၁၂၀လုံးပါတစ်အိတ် အရည်အသွေးပေါ်မူတည်၍ ၃၀၀၀၀ ကျပ် မှ ၅၀၀၀၀ ကျပ် ၊ ညောင်ပင်ဝန်းမှ သဘော်သီး ၂ လုံးတွဲ တစ်ထုပ် ၂၅၀၀ ကျပ်ဖြင့် မြို့တွင်းသစ်သီးဆိုင်များ ၊တောင်တွင်းကြီး၊ အောင်လံ ၊ ပခုက္ကူ သို့တင်ပို့မှုရှိသည်။

**ဂျုံနှင့်အစေ့ထုတ်ပြောင်းဈေးကွက်**

ဂျုံဈေးနှုန်းအနေဖြင့် မြင်းမူ ၊ မြောင်၊ ဆားတောင် ၊ မုံရွာ ၊ ဘုတလင်တို့မှ အသစ်ဝင်ချိန်နီး၍ လှောင်သမား ထုတ်ရောင်းမှုရှိခြင်း ၊ ဂျုံစက်များ ဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် အရည်အသွေးပေါ်မူတည်၍ ၂၃၀၀၀၀ ကျပ်မှ ၂၄၀၀၀၀ ကျပ် ၊ရှမ်းဂျုံ ၂၀၀၀၀၀ ကျပ် ၊ အထွက်တိုးဂျုံ ၁၉၀၀၀၀ ကျပ် ၊ ကလေးဂျုံ ၂၀၀၀၀၀ ကျပ် ၊ ကြူကုတ်ဂျုံ ၁၉၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ဩစတြေးလျဂျုံမှုန့်တစ်ပိဿာ ၃၈၅၀ ကျပ်ဖြင့် မုန့်လုပ်ငန်းသမားများ ဝယ်ယူမှုပုံမှန်ရှိသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းအနေဖြင့် ဆောင်းစိုက်များ ဝင်ရောက်စပြုခြင်းကြောင့် အစာစပ်သမားများ ဝယ်ယူမှုပုံမှန်ရှိသော်လည်း ၃ တင်းတစ်အိတ် ယခင်အပတ် ၇၅၀၀၀ ကျပ် မှ ယခုအပတ် ၇၂၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

**ခင်မေကြည်**

# စီးပွားရေးအကျိုးအမြတ်ကိုထိခိုက်စေသည့် ဝက်ဝမ်းလျှောရောဂါအကြောင်း



ဒေါက်တာဥမ္မာမြင့်(မွေး/ဆေးတက္ကသိုလ်)

မြန်မာနိုင်ငံတွင် ဝက်သားစားသုံးမှု တိုးတက်လာသည်နှင့်အမျှ ဝက်မွေးမြူထုတ်လုပ်မှု လုပ်ငန်းသည် တဖြည်းဖြည်း တိုးတက်လျက် ရှိပါသည်။ ၂၀၂၄ခုနှစ်အထိ စစ်တမ်းများအရ မြန်မာနိုင်ငံတွင် ဝက်ကောင်ရေ စုစုပေါင်း ၄သန်းခွဲခန့် မွေးမြူလျက် ရှိပါသည်။ ကျေးလက်ဒေသများ တွင်လည်း ဝက်များကို တပိုင်တနိုင်သော်လည်းကောင်း၊ စီးပွားဖြစ်ခြံများဖြင့်လည်းကောင်း ပိုမို မွေးမြူလာကြပါသည်။ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများ၏ ဝက်မွေးမြူရေးလုပ်ငန်းများတွင် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများသည် ဖြစ်ပွားမှုနှုန်းများပြားပြီး မွေးမြူရေး၏ စီးပွားရေးအရ အကျိုးအမြတ်ကို ထိခိုက်စေသည့် အဓိက အကြောင်းအရင်းတစ်ရပ် ဖြစ်ပါသည်။

ဝက်များတွင် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများကို ဖြစ်ပွားစေသော ရောဂါပိုး မြောက်များစွာ ရှိပါသည်။ ရောဂါဖြစ်ပွားပါက ဝက်တစ်ကောင်နှင့် တစ်ကောင် လျှင်မြန်စွာ ကူးစက် စေနိုင်ခြင်း၊ ဆေးကုသစရိတ်ကုန်ကျခြင်း၊ အသားတိုးနှုန်းနှင့် ကိုယ်အလေးချိန် လျော့ကျခြင်း၊ ကြီးထွားမှုနှုန်းနှေးခြင်း၊ ရောင်းချနိုင်သည့် ကိုယ်အလေးချိန်ရောက်အောင် အချိန်ကြာမြင့်စွာ မွေးမြူရခြင်းနှင့် သေဆုံးနိုင်ခြင်းတို့ကြောင့် ဝက်မွေးမြူသူတို့မှာ စီးပွားရေးအရ ထိခိုက်နစ်နာရပါသည်။

## အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ ရောဂါကို ဖြစ်ပွားစေနိုင်သည့် အကြောင်းအရင်းများ

ထိုရောဂါသည် ကူးစက်စေနိုင်သော ရောဂါပိုးများကြောင့်လည်းကောင်း၊ မကူးစက်စေသော အကြောင်းအရာများ ကြောင့် လည်း ကောင်း ဖြစ်ပွားပါသည်။ ဝက်တစ်ကောင်နှင့် တစ်ကောင် မကူးစက်သော်လည်း ရောဂါ ဖြစ်ပွားသည့် အကြောင်းအရင်းများမှာ ဝက်၏ အစာများကို ရုတ်တရက် ပြောင်းလဲခြင်း၊ မွေးကင်းစဝက်ငယ်များတွင် မိခင်နို့ရည်များကို လုံလောက်စွာ မရရှိခြင်းနှင့် အစာထဲတွင် မှိုဆိပ်ပါဝင်ခြင်းတို့ ဖြစ်ပါသည်။

ကူးစက်စေနိုင်သော ရောဂါပိုးများမှာ ဘက်တီးရီးယားပိုးများ၊ ဗိုင်းရပ်စ်ပိုးများ၊ ပရိုတိုဇိုးဝါးများ နှင့် ကပ်ပါးကောင်များ ဖြစ်ကြပါသည်။ ဝမ်းလျှောရောဂါ ဖြစ်ပွားသည့် ဘက်တီးရီးယားရောဂါပိုး များမှာ Clostridium perfringens, E.coli, Salmonella spp., Brachyspira hyodysenteriae, Campylobacter coli, Lawsonia intracellularis နှင့် Yersinia enterocolitis တို့ဖြစ်ကြပါသည်။ ဗိုင်းရပ်စ်ပိုးများမှာ Coronavirus မျိုးနွယ်ဝင်ပိုးများ (TGE, Haemagglutinating encephalitis, PED)၊ ရိုတာ(Rota) ဗိုင်းရပ်စ်နှင့် ဝက်ဝမ်းကျရောဂါ (Classical Swine Fever) ဗိုင်းရပ်စ်တို့ ဖြစ်ပါသည်။ ပရိုတိုဇိုးဝါးများမှာ Coccidiaပိုးနှင့် Cryptosporidia ပိုးတို့ ဖြစ်သည်။ ကပ်ပါးကောင်များမှာ သန်လုံးကောင်များ ဖြစ်ကြသည့် Hyostrongylus rubidus, Oesophagostomum spp., Ascaris suum နှင့် Trichuris suis တို့ဖြစ်ပါသည်။ ကူးစက်စေနိုင်သော ရောဂါပိုးများထဲတွင် သေဆုံးမှုနှုန်းအများဆုံးရောဂါမှာ ဗိုင်းရပ်စ်ရောဂါပိုးများ ဖြစ်ပါသည်။

## အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ ပျံ့နှံ့ဖြစ်ပွားမှုကို လေ့လာခြင်း

အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများသည် အများအားဖြင့် ကူးစက်ရောဂါပိုးများ ကြောင့် ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးရှိနေသောဝက်ခြံမှလည်းကောင်း၊ ရောဂါပိုးရှိသော ဝက်များနှင့် ထိတွေ့မိသောကြောင့်လည်းကောင်း၊ ရောဂါပိုးပါရှိနေသော အစာနှင့် အသုံးအဆောင်ပစ္စည်းများကြောင့်လည်းကောင်း၊ ခြံတွင်းသို့ ဝင်ထွက်သွားလာနေသော လူ၊ ယာဉ်၊ တိရစ္ဆာန်များ (ခွေး၊ ကြောင်၊ ငှက်) မှလည်းကောင်း ရောဂါကူးစက် ပြန့်ပွားစေပါသည်။ အဓိကအားဖြင့် ရောဂါပိုးသည် ပါးစပ်မှတဆင့်ဝင်ရောက်ပြီး မစင်မှတဆင့် တခြားဝက်များသို့ ကူးစက်စေပါသည်။

ရောဂါလက္ခဏာနှင့် သေဆုံးမှုနှုန်းသည် ရောဂါပိုး၏ ရောဂါပေးနိုင်သော စွမ်းအား၊ ဝက်၏ ခန္ဓာကိုယ်တွင်းရှိ ခုခံအား၊ အသက်အရွယ်နှင့် မျိုး ရိုး ဗီ ဇ ပေါ် မူ တ ည် ပါ သ ည်။ အသက်အရွယ်ကြီးသော ဝက်များသည်ရောဂါခုခံအားထုတ်သည့် အင်္ဂါများကောင်းစွာဖွံ့ဖြိုးသောကြောင့်လည်းကောင်း၊ ငယ်စဉ်ကတည်း က ခုခံအားရရှိထားသောကြောင့်လည်းကောင်း ရောဂါလက္ခဏာ မပြင်းထန်တတ်ကြပေ။ ရောဂါဖြစ်ပွားပါက သက်ကြီး ဝက်များသည် ဝက်ငယ်များနှင့် နှိုင်းယှဉ်လျှင် သေဆုံးမှုနှုန်းနည်းပါးပါသည်။ သို့သော် အချို့ဗိုင်းရပ်စ်ပိုးများသည် အသက်အရွယ်မရွေးဖြစ်ပွားပြီး သေဆုံးသည်အထိ ဖြစ်စေပါသည်(ဥပမာ- TGE ဗိုင်းရပ်စ် ရောဂါ)။

## အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ

အဓိကလက္ခဏာမှာ ဝမ်းလျှောခြင်း ဖြစ်ပါသည်။ အချို့ရောဂါများတွင် ဝမ်းလျှောလက္ခဏာ သာမက အန်သည့် လက္ခဏာပါ ပြတတ်ပါသည်။ အချို့ရောဂါတွင် အန်သည့် လက္ခဏာသာလျှင် တွေ့ရတတ်ပါသည်။ ဝက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေသည့် ခြံများ၌ ဝက်များ၏စအိုတဝိုက်တွင် ဝမ်းများပေကျံခြင်း၊ ခြံအနှံ့အပြားတွင် ဝမ်းအရည်များ တွေ့ရခြင်း၊ ဝမ်းလျှောဝက်များသည် မှိုင်နေခြင်း စသည်တို့ကို တွေ့ရတတ်ပါသည်။ ဝက်များ ဝမ်းလျှောနေသည်ကို မကုသဘဲထားပါက ခန္ဓာကိုယ်တွင် ရေဓာတ်ခမ်းခြောက်၍ သေဆုံးနိုင်ပါသည်။

ဝမ်း၏အရည်အရောင်ကို လိုက်၍ ဖြစ်ပွားစေသောရောဂါပိုးကို ခန့်မှန်းနိုင်ပါသည်။ ဝမ်းအရည် အရောင်သည် အဝါရောင်ဖြစ်ပါက Coccidia ပရိုတိုဇိုးဝါးပိုး၊ E.coli, Salmonella spp.စသော ဘက်တီးရီးယားပိုး၊ PEDဗိုင်းရပ်စ်ပိုးတို့ကြောင့် ဖြစ်ပါသည်။ ဝမ်းအရည်အရောင်သည် အနီရောင် ဖြစ်ပါက Clostridium perfringens နှင့် Brachyspira hyodysenteriae ဘက်တီးရီးယားပိုး များကြောင့် ဖြစ်ပါသည်။ ဝမ်းအရည်အရောင်သည် အမဲရောင် ဖြစ်ပါက အစာအိမ်နှင့် အူသိမ်ပိုင်းတွင် အနာရှိသောကြောင့် ဖြစ်ပါသည်။ ဝမ်းအရည်အရောင်သည် ရေကဲ့သို့ အကြည်ရောင်ဖြစ်ပါက TGE နှင့် Rota ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပါသည်။ ဝမ်းအရည်အရောင်သည် ခဲရောင်ဖြစ်ပါက E.coli ဘက်တီး ရီးယားပိုးကြောင့် ဖြစ်ပါသည်။ ထို့ပြင် ဝမ်းအရည်သည် pH နိမ့်ပါက အူသိမ်တွင် ရောဂါဖြစ်ပွားသောကြောင့်ဖြစ်ပြီး၊ pH မြင့်ပါက အူမကြီးတွင် ရောဂါဖြစ်ပွားသောကြောင့် ဖြစ်ပါသည်။

## ရောဂါရှာဖွေဖော်ထုတ်ခြင်း

အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားသည့် ရောဂါပိုးအမည်ကို ခေတ်မီ မော်လီကျူလာနည်းပညာဖြင့်လည်းကောင်း၊ သွေးဖောက်၍ သွေးရည်ကြည်နမူနာမှလည်းကောင်း စစ်ဆေးနိုင်ပါသည်။ ဝမ်းလျှောထားသည့် ဝက်၏ မစင်ကို သန့်ရှင်းသော အလုံပိတ်ဘူးထဲသို့ ထည့်၍ ဓာတ်ခွဲခန်းသို့ ပေးပို့ပြီး ရောဂါစစ်ဆေးနိုင်ပါသည်။ တိရစ္ဆာန်ဆေးကုဆရာဝန်သည် လိုအပ်ပါက သေဆုံးသော ဝက်ကို ခွဲစိတ်စစ်ဆေးကာ ခန္ဓာကိုယ်တွင်းမှ အူ၊ ပြန်ရည်ကျိတ်၊ အူထဲမှ အစာအပိုင်းအစများ စသည့်တို့ကို နမူနာပစ္စည်းအဖြစ်ယူကာ ဓာတ်ခွဲခန်းသို့ ပေးပို့ပြီး ရောဂါစစ်ဆေးရပါသည်။ ဝက်များ၏

စာ-၁၅ သို့